KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# ငြင်းဆို၍မရနိုင်တော့သော

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် ဆယ်စုနှစ်သုံးခုအတွင်း ဒေသခံပြည်သူတို့၏ သက်သေခံချက်များ

အစီရင်ခံစာအကျဉ်းချုပ်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ




အစီရင်ခံစာအပြည့်အစုံကို အင်္ဂလိပ်ဘာသာတစ်ခုတည်းသာလျှင် ဖတ်ရှုနိုင်မှာဖြစ်ပြီး၊ အစီရင်ခံစာအကျဉ်းချုပ်ကိုမူ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ကရင်ဘာသာဖြင့် ဖတ်ရှုနိုင်ပါသည်။ အစီရင်ခံစာအားလုံးကို www.khrg.org တွင်ရယူနိုင်ပါသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ စစ်တပ်၏နှိပ်စက်ညှဉ်းပန်းမှုများ၊ ချိုးဖောက်မှုများနှင့် ပဋိပက္ခများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်သည့်ရွာသားများ၏ဘဝတွင် ဆိုးကျိုးသက်ရောက်မှုများရှိလာခဲ့သည်။ မြန်မာစစ်တပ်မှ တိုင်းရင်းသားဒေသများအား ၎င်းတို့၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအားပပျောက်စေရန်ကြိုးပမ်းရာတွင် ရွာသားအများအပြားသည် အကြမ်းဖက်မှုနှင့်ဖိနှိပ်မှုများအား အဖန်တလဲလဲ ကြုံတွေ့ခံစားခဲ့ရသည်။ အချို့ရွာသားများသည် လက်နက်ကိုင်တိုက်ပွဲများနှင့် စစ်တပ်၏စစ်ဆင်ရေးများကြောင့် ဆယ်စုနှစ်ပေါင်းများစွာ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကို ကြုံတွေ့ခံစားလာကြရသည်။

စစ်တပ်အုပ်ချုပ်မှုအောက်၌ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များအားဆန့်ကျင်၍ စစ်ဆင်ရေးပြုလုပ်ရာတွင် အရပ်သားများအပေါ် တိုက်ရိုက်အကြမ်းဖက်တိုက်ခိုက်ခြင်းများလည်း ပြုလုပ်ခဲ့သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုများတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ချိုးဖောက်သည့် ရာဇဝတ်မှုမြောက်သော တရားလက်လွတ်သတ်ဖြတ်ခြင်းများ၊ အကြမ်းဖက်မှုများ၊ မတရားဖမ်းဆီးခြင်းများ၊ အဓမ္မနေရပ်ရွှေ့ ပြောင်းနေစေခြင်းများ၊ လုယက်ခြင်းနှင့် ငွေညှစ်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းများပါဝင်ပါသည်။

ဤအစီရင်ခံစာတွင် လက်ရှိဖြစ်ပေါ်နေသည့်အကြမ်းဖက်မှုများကိုကြုံတွေ့ခံစားနေရသည့် ဒေသခံရွာ သားများ၏ ဘဝအခြေအနေများကိုလည်း ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာစစ်တပ်အား အတိုက်အခံပြုသူမှန်သမျှကို အမြစ်ပြတ်ချေမှုန်းရေးလမ်းစဉ်ဖြင့် ကာလကြာရှည်စွာ ဖိနှိပ်ခံမှုကို ရင်ဆိုင်ကျော်ဖြတ်လာရသူများသည် ထိုဒေသခံရွာသားများဖြစ်ကြောင်းကိုလည်း မီးမောင်းထိုးပြထားပါသည်။ အတိတ် နှင့် ယခုလက်ရှိဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ကရင်ပြည်နယ်ရှိ ကျေးလက်နေရွာသားများအပေါ် စစ်တပ်မှ ဆယ်စုနှစ်ပေါင်းများစွာ အကြမ်းဖက်နေမှုများနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေခြင်း၏ အကျိုးဆက်များကို နားလည်သဘောပေါက်စေရန် အထောက်အကူပြု

မည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်အတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းပြုစုချက်အရ ဤရွာသားများ၏ ဘဝဖြတ်သန်းမှုများပြန်လည်လေ့လာကြည့်မည်ဆိုပါက ရက်စက်ကြမ်းကြုတ်သည့်ရာဇဝတ်မှုများ၊ အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော သမိုင်းကြောင်းရှိသည်။ ယခင်က KHRG ၏ မှတ်တမ်းပြုစုမှုများတွင်လည်း နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျလျစ်လျူရှုထားသော်လည်း ပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ချယ်သော မြန်မာစစ်တပ်ကို အရေးယူဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတကာမှ သက်ဆိုင်ရာတာဝန်ရှိသူများအတွက် လိုအပ်သည့်သက်သေအထောက်အထားများအား ရယူနိုင်ရန်အတွက် အတူတကွလုပ်ဆောင်ခဲ့သော ဒေသခံရွာသားများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း ဤအစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ဤအကြမ်းဖက်မှုများနှင့် ဒေသခံပြည်သူတို့ရုန်းကန်ရမှုများမှာ အသစ်မဟုတ်ကြောင်း ဖော်ပြထားသော်လည်း ဤအစီရင်ခံစာမှတဆင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား နိုင်ငံတကာအဆင့်တွင်ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများအပြောင်းအလဲဖြစ်စေရန် အထောက်အကူပြုမည်ဟု KHRG မှမျှော်လင့်ပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုအပေါ် ရာစုနှစ်တစ်ဝက်ကျော် စစ်တပ်၏အကြမ်းဖက်မှုများကိုတုံ့ပြန်ရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကြိမ်ဖန်များစွာကျရှုံးမှုက ၎င်းတို့၏ ဖြေရှင်းမှုနည်းလမ်းများကိုပြောင်းလဲရန်လိုကြောင်း သက်သေပြနေသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် ပါရှိသောရွာသားများ၏အသံများအား နားထောင်ရန်နှင့် အနာဂတ်အတွက် လမ်းကြောင်းသစ်များအား ဖော်ဆောင်ရာတွင် ၎င်းတို့နှင့်အတူတကွလုပ်ဆောင်ရန်အတွက် ဤအစီရင်ခံစာမှ ဖိတ်ခေါ်လျှက်ရှိသည်။ မြန်မာပြည်တွင် ရာစုနှစ်တစ်ဝက်ကျော်အတွင်း မြန်မာစစ်တပ်မှတိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းများမှ လက်တွေ့ကျသည့် အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သည့်အကြောင်းများကိုလည်း ဤအစီရင်ခံစာတွင်ထည့်သွင်း ဖော်ပြထားပါသည်။



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက် ၂ နာရီ ၁၅ မိနစ်တွင် SAC ၏ တိုက်လေယာဉ်မှ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မဲ့ကသာကျေးရွာအုပ်စု၊ မဲ့ကသာကျေးရွာအား ဗုံးကျဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ဤလေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံး ရှုံးမှု အလွန်များပြီး ရွာသားပေါင်း ၂၀၀၀ ခန့် အနီးအနားရှိ သစ်တောများနှင့်ဂူများတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။ *(ဓာတ်ပုံ – KHRG)*



၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် စစ်ကောင်စီ၏ စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် ၃၊ အမှတ် ၈၊ အမှတ် ၁၅ နှင့် ခမရ အမှတ် ၆၀ တို့မှ ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ လယ်မူပယ်ကျေးရွာအုပ်စု၊ ဘလ--- ကျေးရွာတွင် နေအိမ် ၁၂ လုံးကိုမီးရှို့ပြီးမီးလောင်ပျက်စီးခဲ့သည်။ SAC စစ်သားများမှ လူနေအိမ်နှင့်ဈေးဆိုင်တွင် ပစ္စည်းများနှင့် ဆန်များကို လုယက်ခိုးယူခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

# နိဒါန်း

မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာဖြစ်ပျက်နေသောလူ့အခွင့်အရေးချိုးဖောက်မှုများအား အဆုံးသတ်ရန်နှင့် နိုင်ငံတော်အား ဒီမိုကရေစီစနစ်နှင့် ရေရှည်တည်မြဲသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် စစ်တပ်မှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေခြင်းသည် အကြီးမားဆုံးသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု တစိုက်မတ်မတ်ဖော်ပြခဲ့သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIFFMM) က ၎င်းတို့ထုတ်ဝေခဲ့သည့် ၂၀၁၈ ခုနှစ်အစီရင်ခံစာတွင် ဤသို့ဖော်ပြထားပါသည်။ "မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်မှတဆင့် စစ်တပ်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တရားမျှတမှုနှင့် အမှန်တရားကို ယူဆောင်နိုင်ရန် မျှော်လင့်ချက်မရှိပါ။ မြန်မာနိုင်ငံ၏ ဥပဒေများ၊ တရားစီရင်ရေးစနစ်၊ တရားသူကြီးများ၏ လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်အာဏာမရှိခြင်းတို့သည် တရားမျှတမှုရရှိရန် ဖြစ်နိုင်ချေမရှိပါ။ မြန်မာနိုင်ငံ၏ ပြည်တွင်းတရားရေးစနစ်သည် အမှန်တရားအားရှာဖွေဖော် ထုတ်သူများကိုသာ အပြစ်ပေးအရေးယူသည့်အတွက် အမှန်တရားအား ဖော်ထုတ်ရန်မှာ ဝေးကွာလွန်းသည်။"

ဤအစီရင်ခံစာ၏ တာဝန်ယူမှုတာဝန်ခံမှုနှင့်ပတ်သက်၍ ဖော်ပြရာတွင် မြန်မာစစ်တပ်ကိုသာမက နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပတ်သက်၍လည်း ထည့်သွင်းတင်ပြထားသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် အခြားသောလူ့အခွင့်အရေးအဖွဲ့အစည်းများသည် ဆိုးရွားသောအခြေအနေအားနှစ်ပေါင်းများစွာ မှတ်တမ်းပြုစုခဲ့ပြီး အလွန်ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် သက်သေအထောက်အထားများတင်ပြခြင်းနှင့်နိုင်ငံတကာယန္တရားများနှင့် အဖွဲ့အစည်းများမှ အရေးယူဆောင်ရွက်ရန် တသမတ်တည်း တောင်းဆိုခြင်းများပြုလုပ်ခဲ့သည်။ သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်ရန်အတွက် အဖန်တလဲလဲ ပျက်ကွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဟားဗတ်ဥပဒေကျောင်း၏နိုင်ငံတကာလူ့အခွင့်အရေးဌာနမှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဤကဲ့သို့ဖော်ပြခဲ့သည်။ "နိုင်ငံတော်၏ မူဝါဒအဆင့်အထိ ရောက်ရှိလာသည့် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်လျက်ရှိသော ဆိုးရွားသည့် အကြမ်းဖက်မှုများအား ကမ္ဘာ့ကုလသမဂ္ဂမှ နှစ်ပေါင်းများစွာသိရှိလာခဲ့ပြီး ဖြစ်သည်။ ကုလသမဂ္ဂ၏ အဖွဲ့အစည်းများနှင့် အထူးကိုယ်စားလှယ်များကလည်း ၎င်းတို့ထံ တင်ပြလာသည့် အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ယူဂိုဆလားဗီးယားနှင့် ဒါဖာ (Darfur) တွင် လုပ်ဆောင်ခဲ့သကဲ့သို့ ၎င်းတို့ လုပ်ဆောင်သင့်သလောက် ရှေ့ဆက်လုပ်ဆောင်ခြင်း မရှိပေ။"

လက်ရှိအချိန်ထိ အခြေအနေများသည်လည်း အလားတူပင် ရှိနေသည်။

> “
>
> *ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များအား အကာအကွယ်ပေးနိုင်မှုမရှိခြင်းက အဖွဲ့အစည်းအပေါ်ယုံကြည်မှုကို ပျက်ပြားစေသကဲ့သို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ် မှုများအား ၎င်းနှင့် သက်ဆိုင်မှုမရှိသကဲ့သို့ လျစ်လျူရှုထားခြင်းဖြစ်သည်။*
>
> အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး အင်စတီကျု၏ ၂၀၂၁ ခုနှစ်အစီရင်ခံစာမှ ဒမိန်းလီလီ (Damian Lily) ၏ ပြောကြားချက်

**'ငြင်းဆို၍မရနိုင်တော့သော'** အစီရင်ခံစာတွင် ၁၉၇၀ ခုနှစ်များ အလယ်ပိုင်းမှ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ချုပ်ဆိုပြီးအချိန်ကာလနှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ဆက်လက်ဖြစ်ပျက်နေသော အကြမ်းဖက်မှုပုံစံများကို မီးမောင်းထိုး ဖော်ပြထားသည်။ ဤအစီရင်ခံစာသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အချိန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို ခြုံငုံဖော်ပြထားသည့် မြန်မာစစ်တပ်၏ စစ်ရေးနှင့် အုပ်ချုပ်ရေးပုံစံများသည် သတ်ဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများအားဖျက်စီးခြင်း၊ အဓမ္မခိုင်းစေခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် လှုပ်ရှားသွားလာမှုအားကန့်သတ်ခြင်း၊ ခြောက်လှန့်ခြင်းနှင့် ခြိမ်းခြောက်ခြင်းအပါအဝင် အခြားသောစနစ်တကျအကြမ်းဖက်မှုပုံစံများဖြင့် ပြည်သူများအပေါ် အကြမ်းဖက်၊ ဖိနှိပ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်ကို ဖော်ပြထားသည့် ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေသော **'အကြောက်တရား၏အုတ်မြစ်'** အစီရင်ခံစာနှင့် ဆက်စပ်ထားသည်။

ဤအစီရင်ခံစာတွင် တင်ပြထားသည့် ဘဝဖြတ်သန်းမှုများသည် စစ်တပ်၏နိုင်ငံရေးနှင့် စီးပွားရေးအရ ချုပ်ကိုင်ထားမှုများကြောင့် ရွာသားများအပေါ် ဖိနှိပ်မှုနှင့် အခွင့်အရေးချိုးဖောက်မှုများအပြင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာပြဿနာကိုလည်း ဖြစ်ပေါ်စေသည်ကို ဖော်ပြထားပါသည်။ တိုင်းပြည်၏အနာဂတ်အတွက် စီမံဆောင်ရွက်ခြင်းအပါအဝင် လက်ရှိအခြေအနေနှင့် အတိတ်က ချိုးဖောက်မှုများနှင့်ပတ်သက်၍ မှန်ကန်သည့်အချက်အလက်များ တင်ပြနိုင်ခြင်းအပေါ် စစ်တပ်အား ယုံကြည်မှုမရှိကြောင်းကို ရွာသားများကိုယ်တိုင် ထပ်ခါတလဲလဲ ထောက်ပြခဲ့သည်။ ထို့အတွက်ကြောင့် ရွာသားများ၏ဘဝဖြတ်သန်းမှုများ၊ ယခုအချိန်နှင့် ယခင်က ကြုံတွေ့ရသည့် အကြမ်းဖက်မှုများကို သိရှိထားသည့်အပေါ် အာရုံစိုက်ရန် လိုအပ်သည်။

## အစီရင်ခံစာ ရေးသားပြုစုပုံနည်းစနစ်

ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် ကာလကြာရှည်စွာဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား နားလည်နိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အသက် ၄၀ မှ ၇၀ အရွယ်ရှိသော ရွာသားများအား ၎င်းတို့၏ဘဝဖြတ်သန်းမှုများကို ပြန်လည်ပြောပြရန် တွေ့ဆုံမေးမြန်းခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် စုစုပေါင်း ရွာသား (၁၇) ဦးအား တွေ့ဆုံမေးမြန်းခဲ့ပြီး (၆) ဦးမှာ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ခဲ့ကြသူများ ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ပြုလုပ်ခဲ့ပြီး စုစုပေါင်း မေးမြန်းချိန် ၄၅ နာရီ ရှိသည်။




၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ဘားအံခရိုင် သစ်တောထဲတွင် နယ်လှည့်ဆေးကုအဖွဲ့ ဆေးမှူးများမှ IDP များအား ဆေးကုသပေးနေခြင်းဖြစ်သည်။ တောင်ပေါ်ဒေသတွင် နေထိုင်သောရွာသားများကို ဖယ်ရှားရန်ကြိုးစားနေသော စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုများကိုရှောင်ရှားနေကြရင်း ဤကဲ့သို့သော နယ်လှည့်ဆေးကုအဖွဲ့များထံမှ ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူကြရသည်။ *(ဓာတ်ပုံ – KHRG)*





၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် ခလယ်လွီထူ ခရိုင်ရှိ ရွာသားများမှ လျှို့ဝှက် "တောတွင်းဈေး" တွင် အစားအသောက်နှင့် အစာခြောက်များ ဝယ်ယူနေသည့်အခြေအနေကို ဖော်ပြထားပါသည်။ ထိုတောတွင်းဈေးတွင် မြေပြန့်ဒေသနှင့် စစ်တပ်အုပ်ချုပ်မှုအောက်ရှိ ရွာများမှ ရွာသားများသည် ၎င်းတို့၏ကုန်ပစ္စည်းများအား တောင်ပေါ်ဒေသရှိ ရွာသားများနှင့် IDP များကို ရောင်းချနေခြင်းဖြစ်သည်။ IDP များနှင့် တော်လှန်ရေးအဖွဲ့များ ရေရှည်ရပ်တည်နိုင်မှုမရှိစေရန် စစ်တပ်သည် မြေပြန့်နှင့် တောင်ပေါ်ဒေသတွင် နေထိုင်သူများအပေါ် ရောင်းဝယ်ဖောက်ကားခြင်း ပိတ်ပင်ထားသည်။ *(ဓာတ်ပုံ – KHRG)*

ဤတွေ့ဆုံမေးမြန်းမှုများနှင့်အတူ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခင်အစီရင်ခံစာများ၊ ၁၉၉၂ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ လက်ခံရရှိထားပြီး ထုတ်ဝေခြင်းမရှိသေးသော အစီရင်ခံစာများကိုလည်း ကိုးကားထားသည်။ ဤအစီရင်ခံစာအား ပြင်ဆင်ရာတွင် ကျွန်ုပ်တို့အနေဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခင်ကထုတ်ဝေခဲ့သော အစီရင်ခံစာများ၊ ထုတ်ဝေခြင်းမရှိသေးသည့် အစီရင်ခံစာများနှင့် ထုတ်ပြန်ကြေငြာချက်အပါအဝင် စုစုပေါင်း အစီရင်ခံစာ ၄၀၀ ခန့်အား ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့သည်။ ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့သောအစီရင်ခံစာများသည် ကရင်လူ့အခွင့်အရေးအဖွဲ့မှ နှစ်ပေါင်း ၃၀ ကျော်

လက်ခံရရှိပြီး ထုတ်ဝေခဲ့သည့် အစီရင်ခံစာများ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သည်။

KHRG ၏ လူ့အခွင့်အရေးအခြေအနေမှတ်တမ်းပြုစုတင်ပြလာသည့်သမိုင်းတစ်လျှောက်တွင် မှုခင်းဖော်ပြမှုကိုအခြေခံသည့်တင်ပြမှုထက် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများ အားလုံးအပေါ် ရွာသားများ၏အမြင်သဘောထားကို ထင်ဟပ်စေသည့် အစီရင်ခံတင်ပြမှုများကို ကျင့်သုံးလာခဲ့ပါသည်။ ရွာသားများမှ ထိုချိုးဖောက်မှုများအား ပုံစံမျိုးစုံဖြင့် တင်ပြသည့်နည်းလမ်းကို အသုံးပြုပြီး ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုများကြုံတွေ့ရသည့်အခါ ရွာသားများအသုံးပြုသည့် ကိုယ်ပိုင်နည်းဗျူဟာများနှင့်စွမ်းရည်များကိုလည်း အစီရင်ခံတင်ပြထားပါသည်။

## ကေအဲန်ယူသတ်မှတ်ထားသော ကရင်နယ်နိမိတ်နှင့် အစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး



# အဓိက ရှာဖွေတွေ့ရှိချက်များ

KHRG မှ လွှန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများကိုမှတ်တမ်းပြုစုခဲ့သော်လည်း စစ်အုပ်စုမှ ကရင်ပြည်နယ်အတွင်း ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် တရားစွဲဆိုခံရခြင်း မရှိသေးပါ။

မြန်မာစစ်တပ်သည် ပြည်သူများအား အမြဲပစ်မှတ်ထားတိုက်ခိုက်ပြီး ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်းများကို ကျူးလွန်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၏ အခြေခံအကျဆုံး အချက်တစ်ခုဖြစ်သော စစ်ရေးပစ်မှတ်နှင့် အရပ်သားခွဲခြားခြင်းအခြေခံမှု အပါအဝင် အခြားသောအချက်များကို ချိုးဖောက်နေသည်မှာ ထင်ရှားသည်။

နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးများနှင့် စစ်ရေးလှုပ်ရှားမှုများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မြန်မာစစ်တပ်သည် အဓမ္မနေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်း၊ တိုက်ရိုက်ခြိမ်းခြောက်ခြင်းနှင့် တွေ့လျှင်ပစ် မူဝါဒများ၊ အစာရေစာငတ်ပြတ်မှုကို ဖြစ်ပေါ်စေသည့် သွားလာလှုပ်ရှားမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကန့်သတ်ခြင်းများ၊ ကျေးရွာများနှင့်လယ်မြေများအပါအဝင် ပိုင်ဆိုင်မှုများအား ဖျက်စီးခြင်း၊ ခြောက်လှန့်တောင်းယူခြင်းနှင့် မြေယာသိမ်းယူခြင်းများအား လုပ်ဆောင်လျက်ရှိသည်။ စစ်တပ်သည် စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦးများနှင့် ဆေးဘက်ဆိုင်ရာအဆောက်အအုံများအား ဖျက်စီးမှုများအပြင် ရွာသားများ၏ ဆေးကုသမှုခံယူခွင့်အား ရည်ရွယ်ချက်ရှိရှိ ဟန့်တားလျက်ရှိသည်။ ကျွန်ပြုခြင်းနှင့်တူညီသည့် အဓမ္မခိုင်းစေခြင်း၊ ရွာသားများအား လူသားဒိုင်းအဖြစ် လည်းကောင်း၊ မိုင်းရှင်းလင်းရေးအဖြစ် လည်းကောင်း စနစ်တကျအသုံးပြုခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ မြန်မာစစ်တပ်သည် အရပ်သားများအား တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့်ပတ်သက်သည်ဟူသော စွပ်စွဲချက်ဖြင့် သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ဖမ်းဆီးခြင်းများကိုလည်း ကျူးလွန်လျက်ရှိသည်။ စစ်တပ်သည် ရွာသားများအပေါ် အကြမ်းဖက်မှုပုံစံ အမျိုးမျိုး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မုဒိန်းကျင့်ခြင်းကို စစ်လက်နက်သဖွယ် အသုံးချခြင်းအားဖြင့် ပြည်သူများအပေါ် အကြမ်းဖက် ခြောက်လန့်လျက်ရှိသည်။

မြန်မာစစ်တပ်မှ ကလေးများအား အဓမ္မလုပ်အားပေး ခိုင်းစေခြင်းနှင့် စစ်သားအဖြစ်စုဆောင်းခြင်း၊ အခြေခံ ဆေးကုသမှုခံယူခွင့်အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ငြင်းပယ်ခြင်း၊ ကျောင်းများ၊ ကျေးရွာများနှင့်ပြည်သူများ၏နေရာများအား တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်တိုက်ခိုက်ခြင်းဖြင့် ကလေးများ၏ အသက်ရှင်သန်ခွင့်၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိပိုင်ခွင့်များကိုလည်း စနစ်တကျ ချိုးဖောက်လျက်ရှိပါသည်။

မြန်မာစစ်တပ်၏ အတိတ်က အသုံးပြုခဲ့သော စစ်ဆင်ရေးဗျူဟာများသည် ယနေ့အချိန်အထိ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် လုံလောက်သောအကြောင်းအရင်းများရှိပါသည်။

မြန်မာစစ်တပ်မှ ကာလကြာရှည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းအပြင် မြန်မာနိုင်ငံ၏ တရားဥပဒေနှင့် နိုင်ငံရေးမူဘောင်များတွင် ပါဝင်ပတ်သက်မှုများကြောင့် မြန်မာစစ်တပ်မှ ဆက်လက်ကျူးလွန်နေသည့်တိုက်ခိုက်မှုများအားရပ်တန့်စေရန် တရားဥပဒေအရလုပ်ဆောင်မှုများကို ချက်ချင်းဆောင်ရွက်သင့်သည်။ စစ်အုပ်စုနှင့် ညှိနှိုင်းရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် စစ်အုပ်စုခေါင်းဆောင်များမှ ၎င်းတို့၏ဂတိအား တည်မည့်အချိန်ကို စောင့်ဆိုင်းခြင်းများသည် အကြမ်းဖက်မှုများကိုဆက်လက်ဖြစ်ပွားစေပြီး ပြည်သူများ၏အသက်များအား ဆုံးရှုံးစေမည်ဖြစ်သည်။ မြန်မာပြည်သူများအနေနှင့် စစ်တပ်ကြီးစိုးထားသည့် မည်သည့်အစိုးရကိုမှ လက်ခံမည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားခဲ့ပြီးဖြစ်သည်။

လက်နက်ကိုင်တိုက်ပွဲများသည် အကြမ်းဖက်မှုများ ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများထဲမှ တစ်ခုတည်းသော အကြောင်းရင်းဖြစ်သည်။ စစ်ကောင်စီသည် ရွာသားများ၏ အခွင့်အရေးများ၊ ကောင်းမွန်စွာအသက်ရှင်နေထိုင်ခွင့်တို့အား ချိုးဖောက်နေသည့်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ ဤသို့ လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်လျှင် စစ်တပ်ချိုးဖောက်မှု

များ၏ အကျိုးသက်ရောက်မှုများကို သေချာစွာနားလည်လာနိုင်မည်ဖြစ်သည်။

မြန်မာပြည် အရှေ့တောင်ပိုင်းတွင် ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အကြိမ်ရေနှင့်ပမာဏကို စနစ်တကျခြေရာခံနိုင်သည့် စောင့်ကြည့်စစ်ဆေးရေး ယန္တယားများမှာ လုံလောက်မှုမရှိသေးပါ။ ကျေးလက်ဒေသမှ ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များနှင့် အကြမ်းဖက်မှုများကြောင့်ပျက်စီးရသည့် ၎င်းတို့၏ဦးစားပေးရာများအား ထည့်သွင်းစဉ်းစားခြင်းမရှိပါက မြန်မာပြည်အရှေ့တောင်ပိုင်း၏ လက်ရှိအခြေအနေအတွက် တိကျသည့် ပြင်ပအကဲဖြတ်မှုအား လုပ်ဆောင်နိုင်မည်မဟုတ်ပါ။

အရပ်သားအကာအကွယ်ပေးရေးကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ရွာသားများ၏ ကိုယ်ပိုင်ခုခံကာကွယ်မှု နည်းဗျူဟာများကို တိုက်ရိုက်ပံ့ပိုးပေးရန်လိုသည်။ ထိုကဲ့သို့ပံ့ပိုးပေးခြင်းအားဖြင့် ရွာသားများနှင့် ဒေသတွင်းခေါင်းဆောင်များ၏ ဆက်ဆံရေးအခြေအနေအား ပိုမိုအားကောင်းစေနိုင်ပြီး အကြမ်းဖက်မှုများအား မည်သို့အကောင်းဆုံး တုံ့ပြန်ရမည်ကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်နိုင်ရန်အတွက် အခွင့်အလမ်းများအား ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

# ခြုံငုံသုံးသပ်ချက်

## အခန်း ၁ – နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး

၁၉၇၀ ခုနှစ် ကျော်နှစ်များတွင် မြန်မာစစ်တပ်၏ သောင်းကျန်းသူနှိမ်နှင်းရေးစစ်ဆင်ရေး၏ အစိတ်အပိုင်းအဖြစ် စစ်တပ်သည် ၎င်းတို့၏ထိန်းချုပ်မှုနယ်မြေပြင်ပတွင် နေထိုင်ကြသောရွာသားများအား ဖယ်ရှားရန် ရွာသားများအနေဖြင့် ထိုဒေသများတွင် ဆက်လက်မနေထိုင်နိုင်အောင် နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးကို ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးများတွင် စစ်တပ်အနေဖြင့် ရွာသားများအား ၎င်းတို့နေရာများမှထွက်ခွာစေရန် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ လုယက်ခြင်း၊ ခြောက်လန့်တောင်းယူခြင်း၊ နေအိမ်များနှင့် ဥယျာဉ်ခြံများအား မီးရှို့ဖျက်ဆီးခြင်းအပြင် ပိုင်ဆိုင်မှုများအား ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

- ၁၉၇၅ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်များကြားတွင် ကျေးရွာပေါင်း ၈၀၀ ကျော် (အနည်းဆုံး လူနေအိမ် ၂၀,၀၀၀) မီးရှို့ဖျက်စီးခံရခြင်း၊ အရပ်သား ၁၆၀ ဦး သတ်ဖြတ်ခံရခြင်း၊ ပြည်သူ ၁၂၀ ဦး ဒဏ်ရာရရှိခဲ့ပြီး၊ အမျိုးသမီး ၄၀ ဦးခန့် လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခံရကာ လူပေါင်း ၂၀၀,၀၀၀ ကျော် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) က ခန့်မှန်းဖော်ပြခဲ့သည်။
- မြန်မာစစ်တပ်သည် တိုင်းရင်းသားထိန်းချုပ်သည့် ဒေသများအား ၎င်းတို့၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိရန်ကြိုးပမ်းရာတွင် အခက်အခဲများဆက်တိုက်ကြုံတွေ့ခဲ့ရသည့်အတွက် ၁၉၉၀ နှင့် ၂၀၀၀ ခုနှစ်များတွင် ၎င်းတို့၏ တိုက်ခိုက်မှုကိုအရှိန်တိုးမြှင့်ခဲ့သည်။
- ၁၉၈၈ ခုနှစ်တွင် ဗမာတိုင်းရင်းသားသုတေသနအဖွဲ့က ပြည်သူ ၄၈၀,၀၀၀ ဦး (ကရင်လူထု၏ သုံးပုံတစ်ပုံခန့်) မှာ နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးကြောင့် အဓမ္မနေရပ်ရွှေ့ပြောင်းခြင်းခံရသည်ဟု ခန့်မှန်းခဲ့သည်။
- ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်ကြားတွင် ဖျက်ဆီးခံရမှုများ၊ အဓမ္မနေရပ်ရွှေ့ပြောင်းစေခြင်း၊ ပြည်သူများနေထိုင်သည့်အခြေချနေထိုင်ရာနေရာအနည်းဆုံး ၁၂၆၀ ခုအားစွန့်ပစ်ခြင်းကို ထိုင်း–မြန်မာနယ်စပ်အကျိုးတူအဖွဲ့မှ မှတ်တမ်းတင်ထားခဲ့သည်။
- မြန်မာစစ်တပ်မှ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်စေခြင်းများအား ပြည်သူများကို ရန်သူ့လက်မှကာကွယ်ရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုသော်လည်း အမှန်စင်စစ် စစ်တပ်သည် ပြည်သူများအပေါ်ထိန်းချုပ်ရန်နှင့် အခွင့်အရေးချိုးဖောက်မှုကျူးလွန်ရန်အတွက် လုပ်ဆောင်ခြင်းများသာ ဖြစ်ပါသည်။




၂၀၀၆ ခုနှစ်တွင် စစ်သားများမှ ရွာသားများအား ရွှေ့ပြောင်းနေထိုင်စေသည့် ခလယ်လွီထူခရိုင်၊ ပလောဘောဒဲနေရပ် ရွှေ့ပြောင်းစခန်းမှ လုပ်ကိုင်စိုက်ပျိုး၍မရသော မြေဖြစ်သည်။ ပလောဘောဒဲမှ ရွာသားများက ရေရှားပါးမှု၊ စိုက်ပျိုးမြေမရှိခြင်းနှင့် လှုပ်ရှားသွားလာမှု ကန့်သတ်ခံရခြင်းများနှင့်ပတ်သက်၍ တိုင်ကြားခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

- အချို့သောကိစ္စရပ်များတွင် ရွာသားများသည် ၎င်းတို့၏ရွာများမှ သတ်မှတ်ထားသည့်အချိန်အတွင်း ထွက်ခွာရန်နှင့် မြန်မာစစ်တပ်၏ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများသို့ပြောင်းရွှေ့ရန် အမိန့်စာဖြင့် သို့မဟုတ် နှုတ်မိန့်ပေးခံရကြသည်။ သို့သော်လည်း ဖြစ်ရပ်အများအပြားတွင် ကျေးရွာများသည် “ဖျက်ဆီးရန်” သတ်မှတ်ခံရပြီး စစ်သားများမှ ထိုဒေသအတွင်းသို့ ဝင်ရောက်၍ ကျေးရွာများနှင့် အရပ်သားများ၏ ပစ္စည်းများအားဖျက်ဆီးကာ ရွာသားများအား အတင်းအဓမ္မရွှေ့ပြောင်းစေခဲ့သည်။ ထိုနယ်မြေရှင်းလင်းထားသည့် ကျေးရွာများသို့ ပိုင်ဆိုင်မှုများပြန်ယူရန် သို့မဟုတ် ၎င်းတို့၏ မြေယာများတွင်လုပ်ကိုင်စားသောက်ရန် လာရောက်သောရွာသားများအား ဖမ်းဆီးရန်နှင့် ပြန်လည်နေထိုင်ခြင်းကိုမပြုနိုင်ရန် စစ်တပ်မှပုံမှန်ကင်းလှည့်လေ့ရှိသည်။
- ကျောင်းများ၊ ဆေးခန်းများနှင့် ဘုရားကျောင်းများသည်လည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။
- ရွာသားများသည် ပြန်လည်နေရာချထားသည့် နေရာများအား ချွေးတပ်စခန်းများအဖြစ်ခေါ်ဝေါ်သတ်မှတ်ကြသည်။ အဓမ္မနှင်ထုတ်ခြင်းနှင့် ပြည်သူများအား အဓမ္မနေရပ်ရွှေ့ပြောင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားခြင်းမရှိသည့်အပြင် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်နိုင်သည်။
- ရွှေ့ပြောင်းစခန်းများတွင် လှုပ်ရှားသွားလာခွင့်ကန့်သတ်မှုများအား တင်းကျပ်စွာချမှတ်ထားပြီး ရွာသားများအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကိုတားမြစ်ထားသည်။ ၎င်းတို့အား လယ်ယာလုပ်ကိုင်ရန် မသင့်တော်သည့် ရေကြီးရေလျှံဖြစ်ပွားလေ့ရှိသောနေရာဒေသများတွင် ပြောင်းရွှေ့နေထိုင်စေသည်။ ရွာသားများအား အနီးအနားရှိ စစ်တပ်စခန်းများတွင် ဆန်စပါးစုဆောင်းစေပြီး ၎င်းတို့ကိုယ်ပိုင်စပါးများအားရယူခွင့်ကိုကန့်သတ်ထားသည်။ ထိုစခန်းများတွင် ဆေးဝါးကုသခွင့် သို့မဟုတ် ဆေးဝါးများမရှိပါ။ ရွာသားများအနေဖြင့် အဓမ္မလုပ်အားပေးခိုင်းစေမှုကို အဆက်မပြတ်ကြုံတွေ့ရပြီး ပုံစံမျိုးစုံဖြင့်ခြောက်လှန့်တောင်းယူမှုများကိုလည်း ခံစားကြရသည်။
- ရွာသားအများစုသည် ထိုသို့သော စစ်တပ်ထိန်းချုပ်သောနေရာများတွင် နေထိုင်ခြင်းထက် တောထဲတွင်သာနေထိုင်ရန် ရွေးချယ်ခဲ့ကြပါသည်။
- မြန်မာစစ်တပ်တပ်ဖွဲ့ဝင်များအနေဖြင့် “ရွာပုန်းရွာရှောင်”များ၊ ထိုကျေးရွာများတွင်နေထိုင်သူများနှင့် ၎င်းတို့အား စားနပ်ရိက္ခာထောက်ပံ့မှုများအားလုံးကို ဖျက်ဆီးရန် အမိန့်ရထားပြီးဖြစ်သည်။ ထိုဒေသများသည် “ပစ်မိန့်ရထားသည့်” နေရာဒေသများဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာစစ်တပ်၏ စစ်ဆင်ရေးအရ ထိုဒေသတွင်တွေ့သည့်မည်သူ့ကိုမဆို ပြစ်ဒဏ်ပေးခံရခြင်းမရှိပဲ ပစ်ခတ်ခွင့်ရှိသည်။




၂၀၀၆ ခုနှစ်တွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်ရှိ ကျေးရွာအားလုံးနှင့် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ (နအဖ) လက်အောက်တွင် ရှိသော ရွှေ့ပြောင်းစ ခန်းအားလုံးကို ၎င်းတို့ ကျေးရွာ ပတ်ပတ်လည်တွင် ခြံစည်းရိုးခတ်ရန် ခြေမြန်တပ်ရင်း (ခမရ) ၅၉၉ က အမိန့် ပေးခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

- အချို့ရွာသားများသည် ထိုဒေသရှိ မြန်မာစစ်တပ်နှင့် ဒေသတွင်းအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူထားသော်လည်း ထိုသဘောတူညီချက်များသည် ရွာသားများ၏သွားလာလှုပ်ရှားမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ကန့်သတ်ရန်နှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းအား ပိုမိုတောင်းဆိုရန်အတွက် အသုံးပြုခြင်းဖြစ်သည်။
- အခြားရွာသားများသည် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုင်းအာဏာပိုင်များ၏ပြန်လည်တွန်းပို့ခံရခြင်း သို့မဟုတ် လမ်းဘေးတစ်လျှောက် သို့မဟုတ် ကွင်းပြင်များတွင် အဓမ္မစခန်းချစေခြင်းများကို ခံစားခဲ့ကြရသည်။ ထိုင်းအာဏာပိုင်များသည် ၎င်းတို့ကိုယ်တိုင် သေနတ်သံကြားမှသာလျှင် ဒုက္ခသည်များအားဝင်ခွင့်ပေးသည်။
- ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ကရင်ပြည်နယ်ရှိ ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုများကိုကျယ်ကျယ်ပြန့်ပြန့် ကြုံတွေ့ခဲ့ကြရပြီး ၎င်းကကျေးရွာများ ပျက်စီးခဲ့ကြရကာ အနည်းဆုံး အရပ်သား ၃၂ ဦးကိုသေဆုံးစေခဲ့သည်။ စစ်တပ်သည် ကျေးရွာများအားမီးရှို့ဖျက်ဆီးခြင်း၊ လှုပ်ရှားသွားလာမှုနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းအားပြင်းထန်စွာကန့်သတ်ခြင်း၊ ဆေးပစ္စည်းနှင့် အစားအသောက်များအားသိမ်းယူခြင်း၊ လုယက်ဖျက်ဆီးခြင်း၊ ထောက်ပံ့မှုပေးသူများကို ဖမ်းဆီးထိန်းသိမ်းခြင်းများကြောင့် လိုအပ်သောအရင်းအမြစ်များဖြတ်တောက်ခြင်း ခံခဲ့ရသည်။

> ***“***
>
> ***ကျွန်တော်တို့အားလုံး အသတ်ခံရတော့မလို့ပဲ။ စစ်တပ်က ကျွန်တော်တို့ကိုတွေ့ရင် ကျွန်တော်တို့သေမှာ။***
>
> – ၁၉၉၇ ခုနှစ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် မူတြော်ခရိုင်မှ ရွာသားတစ်ဦး




၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလလယ်တွင် ဒူးပလာယာခရိုင်မှ ကရင်ရွာသားများသည် ၎င်းတို့ သယ်နိုင်သည့် ပစ္စည်းများကို သယ်ယူ၍ အသက်ရှင်လွတ်မြောက်ရန် ထွက်ပြေးနေပုံကို ဖော်ပြထားသည်။ ဤရွာသားများ ထွက်ပြေးကြသည့်အချိန်တွင် မြန်မာစစ်တပ်မှ ခြေလျှင်ဖြင့် နာရီဝက်အကွာအဝေးတွင် ရောက်ရှိနေပြီဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*




၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ လလယ်တွင် ထိုင်းနိုင်ငံ ကဟီးပလယ် လမ်းဘေးနှင့် ရေနုတ်မြောင်းများတွင် စခန်းချနေထိုင်ကြသည့် ဒူးပလာယာခရိုင်မှ အသစ်ရောက်ရှိလာသော ကရင်ဒုက္ခသည် ၆၀၀၀ ခန့်ဖြစ်သည်။ ထိုင်းအာဏာပိုင်များမှ ၎င်းတို့အား လမ်းဘေးတွင်သာ တဲထိုးနေရန် ခွင့်ပြုပေးခဲ့ကြသည်။ *(ဓာတ်ပုံ – KHRG)*

# အခန်း ၂ – အရပ်သားများအား ပစ်မှတ်ထားခြင်း

အရပ်သားများအား တရားလက်လွတ်သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းများသည် မြန်မာစစ်တပ်၏ သောင်းကျန်းသူနှိမ်နင်းရေးဆိုင်ရာထိုးစစ်ဆင်မှုများ၏ အဓိကကျသောအစိတ်အပိုင်းဖြစ်ပြီး "ဖြတ်လေးဖြတ်" ဗျူဟာအရ ရွာသားအားလုံးသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏အဖွဲ့ဝင်များအဖြစ် သတ်မှတ်ခံကြရသည်။

- မြန်မာစစ်တပ်သည် ဖမ်းဆီးချုပ်နှောင်ထားသည့် ပြည်သူများအား တရားလက်လွတ်သတ်ဖြတ်ခြင်းနှင့် ၎င်းတို့ ဖမ်းဆီးထားခြင်းမရှိသည့် အရပ်သားများအား တွေ့လျှင်ပစ်သတ်သည့်စနစ်နှင့် အခြားနည်းလမ်းများဖြင့် သတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။
- မြန်မာစစ်တပ်သည် ၎င်းတို့မှဖျက်ဆီးရန်သတ်မှတ်ထားသော နယ်မြေဖြစ်သည့် "အမဲရောင် နယ်မြေ" နှင့် ယခင်က နယ်မြေရှင်းလင်းရေးလုပ်ဆောင်ထားသော နေရာဒေသများတွင်တွေ့ရှိသော မည်သူ့ကိုမဆို တွေ့လျှင်ပစ်သတ်နိုင်ခွင့်အမိန့်ကို ရရှိထားသည်။
- ၁၉၉၀ ခုနှစ်များတွင် အာဏာသိမ်းစစ်တပ်မှ တိုက်ခိုက်ရေးတပ်မဟုတ်သော အထူးတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပြီး ၎င်းတို့သည် "အတိုက်အခံတပ်ဖွဲ့များနှင့် ဆက်သွယ်ချိတ်ဆက်မှုရှိသည်ဟု သံသယရှိသူတစ်ဦးချင်းစီအားသတ်ဖြတ်ရန်၊ အကယ်၍ ထိုဆက်သွယ်ချိတ်ဆက်မှုသည် နှစ်ပေါင်းများစွာ သို့မဟုတ် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လျှင်ပင် သတ်ဖြတ်ရန်" ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။
- အမဲရောင်နယ်မြေများတွင်ကျင့်သုံးခဲ့သော စစ်တပ်၏အဓိကကျင့်ဝတ်များသည် လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ ခွဲခြားခြင်းမှုဖြစ်သည့် အရပ်သားနှင့် စစ်တပ်၏ပစ်မှတ်များအား သေချာစွာခွဲခြားရန်နှင့် အရပ်သားများကိုပစ်မှတ်ထားခြင်းမပြုရန်မှုကို လုံးဝဆန့်ကျင်နေခြင်းဖြစ်သည်။
- မြန်မာစစ်တပ်သည် ရွာသားများအားအပြစ်ပေးရန်၊ ခြိမ်းခြောက်ရန်၊ ထိန်းချုပ်ရန်နှင့် သတင်းအချက် အလက်ရယူရန်အတွက် ညှဉ်းပမ်းနှိပ်စက်မှုများအားစနစ်တကျအသုံးပြုခဲ့သည်။ ဤစနစ်အားစစ်တပ်၏ သောင်းကျန်းသူနှိမ်နင်းရေးစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။



၂၀၀၇ ခုနှစ်၊ မတ်လ ညနေ ၃ နာရီခွဲခန့်တွင် မူတြော်ခရိုင်၊ သဒါးဒဲဒေသမှ ရွာသားများသည် အစားအသောက်ရှာဖွေနေစဉ် နအဖစစ်တပ်ဖြစ်သော ခြေလျင်တပ်ရင်း (ခလရ) ၅၀၁ ၏ပစ်သတ်ခြင်းခံခဲ့ရသည်။ စစ်တပ်မှ ရွာသားများ၏ နေအိမ်များနှင့် လယ်မြေများအား မီးရှို့ဖျက်ဆီးပြီးနောက် ရွာသားများအနေဖြင့် အစားအသောက်ပြတ်လပ်ခြင်းအားကြုံရပြီး အစားအသောက်ရှာဖွေရန် ရွှေ့ပြောင်းသွားလာကြရသည်။ *(ဓာတ်ပုံ – KHRG)*

- ရွာသားများသည် လယ်မြေများတွင်အလုပ်လုပ်ကိုင်ခြင်း၊ ညဖက်တွင် သို့မဟုတ် ခွင့်ပြုစာမရှိပဲခရီးသွားလာခြင်း၊ (ဆန်၊ ဓာတ်မီး/ဘတ္တရီ၊ ဆေးဝါး) ကဲ့သို့သော မြန်မာစစ်တပ်မှ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များလက်သို့မရောက်စေလိုသောပစ္စည်းများအား သယ်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် "သူပုန်" အဖွဲ့များနှင့် ဆက်နွယ်ပတ်သက်နေသည်ဟု စွပ်စွဲခံရလေ့ရှိသည်။ ဤလုပ်ဆောင်ချက်များအားလုံးသည် ရွာသားများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးလိုအပ်ချက်အရ ၎င်းတို့လုပ်ဆောင်ရန်လိုအပ်သည့် အရာများဖြစ်ပါသည်။
- ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့၏ မိသားစုဝင်များသည်လည်း ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အခြားသောအကြမ်းဖက်မှုပုံစံများကိုခံစားကြရသည်။ ကရင်ပြည်နယ်ဒေသများရှိလူအများစုမှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်သားတစ်ဦးဦးနှင့် ဆွေမျိုးတော်စပ်ကြသူများဖြစ်သည့်အတွက် ဤအချက်သည် ရွာသားများအတွက် အန္တရာယ်ဖြစ်စေပါသည်။

- စစ်တပ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ စစ်အုပ်စုသည် တွေ့လျှင်ပစ်ရန်စနစ်အား ပြန်လည်ကျင့်သုံးလာခဲ့ပြီး နေရာဒေသအများအပြားတွင် ညမထွက်ရအမိန့်များနှင့် သွားလာခွင့်ကန့်သတ်မှုများ ချမှတ်လာခဲ့သည်။ ၎င်းသည် ရွာသားများ၏ အခြေခံလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာသွားလာနေထိုင်ခွင့်ကို ချိုးဖောက်ခြင်းသာမက အရပ်သားများအပေါ် အကြမ်းဖက်မှုဆက်လက်ကျူးလွန်နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်သည်။ စစ်အုပ်စုမှ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင်ပါဝင်သူများ၊ တော်လှန်ရေးလှုပ်ရှားမှုများတွင်ပါဝင်သည်ဟု သံသယရှိသူများအား ရှာဖွေဖော်ထုတ်မှုများကြောင့် နှိပ်စက်ညှဉ်းပမ်းမှုနှင့် ပတ်သက်သည့် အစီရင်ခံမှုများ ပိုမိုတိုးမြင့်လာသည်။ ရိုက်နှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများသည်လည်း စစ်အာဏာရှင်တပ်သားများ၏ ကင်းလှည့်သည့်အချိန်နှင့် စစ်ဆေးရေးဂိတ်များတွင် ပုံမှန်လုပ်ဆောင်သည့် အရာများဖြစ်လာသည်။

“

*သူတို့က ကျွန်တော့်ကို ရေထဲမှာ နှစ်နာရီလောက်ချည်ထားတယ်။ ရေပေါ်မှာ နှာခေါင်းပဲ ဖော်ထားတယ်။ ကျွန်တော်သေခါနီးပဲ။*

– ၁၉၇၅ ခုနှစ်တွင် မြန်မာစစ်တပ်မှ နှစ်ရက်ကြာ နှိပ်စက်ညှဉ်းပမ်းခဲ့သည့် မူတြော်ခရိုင်မှ စောအဝ–––



မူတြော်ခရိုင် အရှေ့ဘက်တွင်  နအဖ တပ်မ (၄၄) လက်အောက်ခံ၊ ခလရ (၂)၊ စစ်သားများမှ မီးမလောင်သောနေအိမ်များတွင် ရွာသားများအတွက် အောက်ပါစာများ ချန်ထားခဲ့သည်။ “လွတ်အောင်ပြေး၊ မောတဲ့ တစ်နေ့သေမဲ့ရက်ဘဲ။ ငပွေးရေ။ [ခမရ] ၄၄”။ *(ဓာတ်ပုံ – KHRG)*

## အခန်း ၃။ အဓမ္မလုပ်အားပေး ခိုင်းစေခြင်း

အဓမ္မလုပ်အားပေးခိုင်းစေခြင်းသည် စစ်တပ်အုပ်ချုပ်မှုအောက်တွင် ကရင်ပြည်နယ်ရှိရွာသားများ အများဆုံးတွေ့ကြုံခံစားရသော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ပြီး ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းလည်းဖြစ်သည်။


- ကရင်လူ့အခွင့်အရေးအဖွဲ့မှ အဓမ္မလုပ်အားပေးခိုင်းစေမှု အထူးသဖြင့်အဓမ္မပေါ်တာထမ်းစေခြင်းအား “ရွာသူကြီးများအားပေးသည့်ကြောက်မက်ဖွယ်ကောင်းသော အပြစ်ပေးခြင်းပုံစံအဖြစ်ဖော်ပြသည်။ အဓမ္မလုပ်အားပေးခိုင်းစေခြင်းအား ပြည်သူများမှ အလွန်အမင်းကြောက်လန့်ရသည့် အဓိကအကြောင်းရင်းမှာ ၎င်းတို့အားနအဖစစ်သားများနှင့် နီးကပ်စေခြင်းကြောင့်ဖြစ်သည်။ နအဖစစ်သားများရှိခြင်းက



၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် ခမရ ၄၄ မှ [မင်းအောင်လှိုင် အမိန့်အောက်ရှိ] နအဖစစ်သားများသည် ၎င်းတို့၏တပ်သားများအား လမ်းမကြီးတစ်လျှောက်လှည့်လည်စဉ် မြုံခိုတိုက်ခိုက်ခြင်းမှကာကွယ်ရန် ဘီးလင်း–ဖာပွန် လမ်းမကြီးတစ်လျှောက် ပေ ၅၀ [၁၅ မီတာ] အကွာအဝေး အတွင်းရှိ သစ်ပင်များ၊ ခြုံများနှင့် အပင်အားလုံးကိုခုတ်ရှင်းရန် ရွာသားများအားခိုင်းစေခဲ့သည်။ *(ဓာတ်ပုံ – KHRG)*

အလွန်ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အမြဲတစေဖြစ်ပေါ်စေတတ်သည်။"

- ရွာသားများအနေဖြင့် ၎င်းတို့ငြင်းဆိုခွင့်မရှိသော အဓမ္မလုပ်အားပေးခိုင်းစေခြင်းကို ထပ်မံတလဲလဲတောင်းဆိုခြင်းခံရသောကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်းကို အတားအဆီးဖြစ်စေပါသည်။



လုပ်အားပေးခိုင်းစေခြင်းနှင့် ထောက်ပို့ပစ္စည်းများ တောင်းယူသည့်အခါတွင် ခြိမ်းခြောက်မှုများ ပါဝင် လေ့ရှိသည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဒူးပလာယာခရိုင်မှ အမျိုးသမီးရွာသူကြီး တစ်ဦးထံသို့ ပေးပို့သော ဤစာတွင် မြန်မာစစ်တပ်၏ အမ်အေ -၁ ရိုင်ဖယ် သုံး ၅.၅၆ မမကျည် ၁ တောင့် ပါဝင်ပြီး သူမအနေဖြင့် ဖြည့်ဆည်းပေးခြင်းမရှိပါက ရွာသားများ ပစ်သတ်ခံရမည်ဟု ထင်ရှားစွာ ခြိမ်းခြောက်မှု ဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

- အဓမ္မလုပ်အားပေးခိုင်းစေခြင်းအား ဗမာစစ်တပ်မှ ထိန်းချုပ်ခွင့်ရရှိရန် အသုံးပြုသည်။ ၎င်းအား စစ်တပ်၏ အကြီးစားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည့် လမ်းဖောက်လုပ်ခြင်း၊ မီးရထားလမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း စသည့်၎င်းတို့၏စစ်ဆင်ရေးနယ်မြေအား တိုးချဲ့ပေးမည့်လုပ်ငန်းများနှင့် ၎င်းတို့၏ အရင်းအမြစ်များအားတိုးပွားလာစေမည့် တပ်စခန်းအတွက်လိုအပ်သော လုပ်အားနှင့်ဝင်ငွေရသီးနှံစိုက်ပျိုးသည့်အခါများတွင် အသုံးပြုလေ့ရှိသည်။
- ၂၀၁၂ ခုနှစ် ပဏာမပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ပြုလုပ်ပြီးနောက် အသက် ၁၈ နှစ် ကျော်သည့်ရွာသားအများစုသည် ၎င်းတို့၏ဘဝတစ်လျှောက်တွင် အဓမ္မလုပ်အားပေးစေခိုင်းမှုအားကြုံတွေ့ခဲ့ကြရပါသည်။

**"မြန်မာစစ်တပ်မှ အရပ်သားများအပေါ် အဓမ္မလုပ်အားပေးစေခိုင်းမှုသည် ကျွန်ပြုခြင်းနှင့်ညီမျှပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်သည်။**

- ပေါ်တာဆွဲရန်အတွက် အဓမ္မဖမ်းဆီးထိန်းသိမ်းခံရသည့်အချိန်တွင် ရွာသားများအနေဖြင့် အစားအစာ၊ ရေ၊ နေစရာနှင့် ဆေးဝါးများအထူးလိုအပ်လေ့ရှိပြီး မကြာခဏဆိုသလို လပေါင်းများစွာကြာအောင် အချိန်ပိုမိုကြာမြင့်စွာ ခေါ်ထားခြင်း ခံရတတ်သည်။ ပေါ်တာထမ်းသူများသည် ရိုက်နှက်ခြင်း၊ အကြမ်းဖက်ခြင်းများခံရပြီး အကယ်၍၎င်းတို့အနေဖြင့် လမ်းလျှောက်သယ်ယူနိုင်ခြင်းမရှိတော့ပါက လမ်းတွင်ကျန်ရစ်သေဆုံးခဲ့ကြရပါသည်။
- အဓမ္မလုပ်အားပေးခိုင်းစေခြင်းခံရသော အမျိုးသမီးများသည် ၎င်းတို့၏ကလေးများကို ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိတော့ပါ။ အချို့သောမိခင်များမှာ နို့တိုက်အရွယ်ကလေးများရှိသောကြောင့် ပေါ်တာထမ်းနေစဉ် ၎င်းတို့၏နို့ရည်များညှစ်ထုတ်ပစ်ရပြီး အိမ်တွင်ကျန်ခဲ့သောကလေးများမှာလည်း ဆာလောင်ကြမည်ဖြစ်ကြောင်း ရွာသားများမှပြောပြခဲ့သည်။ အမျိုးသမီးများသည် မကြာခဏဆိုသလို ပေါ်တာထမ်းရန်စေခိုင်းခြင်းမခံရသော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအန္တရာယ်ကြုံတွေ့ရနိုင်ချေ များပါသည်။
- ရွာသားများသည် ခရီးသွားလာစဉ်၊ ၎င်းတို့၏ လယ်မြေများတွင်အလုပ်လုပ်ကိုင်စဉ် သို့မဟုတ် ၎င်းတို့၏ကျေးရွာများနှင့် မြို့ပေါ်တွင်နေထိုင်စဉ်ပင် မြန်မာစစ်တပ်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရပြီး ၎င်းတို့တပ်ဖွဲ့ဝင်များအားပစ်ခတ်တိုက်ခိုက်ခြင်းနှင့် မြေမြှုပ်မိုင်းနင်းမိခြင်းများမှကာကွယ်ရန် အရပ်သားများကို အထမ်းသမားများအဖြစ်သော်လည်းကောင်း၊ လူသားဒိုင်းအဖြစ်သော်လည်းကောင်း၊ မိုင်းရှင်းသူအဖြစ်သော်လည်းကောင်း စေခိုင်းခြင်းခံရသည်။
- မြန်မာစစ်တပ်သည် နိုင်ငံတကာ၏ဖိအားများကို ဆက်လက်ကြုံတွေ့ရသည့်အတွက် ၂၀၀၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စစ်တပ်နှင့်အရပ်သားအာဏာပိုင်များအနေဖြင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်းကို ဆက်လက်အသုံးပြုခြင်းအား တားမြစ်သည့်အမိန့်စာကို သဘောတူလက်မှတ်ထိုးခဲ့သည်။ သို့သော်လည်း

၂၀၁၂ ခုနှစ်တွင် အဓမ္မလုပ်အားပေးခိုင်းစေမှုသည် ကရင်ပြည်နယ်တစ်လျှောက်ရှိရွာသားများမှ အများဆုံးတင်ပြသည့် အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ဖြစ်နေပါသည်။

- မြန်မာစစ်တပ်သည် ၎င်း၏တရားမဝင်အဓမ္မလုပ်အားပေးခိုင်းစေမှုအား ဖုံးကွယ်ရန်အတွက် “လုပ်အားပေး” အဖြစ် ခေါ်ဝေါ်သတ်မှတ်ခဲ့သည်။
- ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ စစ်ကောင်စီတပ်ဖွဲ့များမှ ၎င်းတို့၏တပ်စခန်းများအား ပြန်လည်မွမ်းမံခြင်းခြင်း၊ ယာယီအခြေစိုက်စခန်းများဆောက်လုပ်ခြင်းနှင့် ရှေ့တန်းသို့ ရိက္ခာနှင့် စစ်လက်နက်များ သယ်ဆောင်ခြင်းများကြောင့် အဓမ္မလုပ်အားပေးခိုင်းစေမှုများ အထူးသဖြင့် အဓမ္မပေါ်တာထမ်းစေမှုနှင့် ပြည်သူများအား လူသားဒိုင်းသဖွယ်အသုံးပြုမှုများ တိုးမြင့်လာသည်နှင့်ပတ်သက်၍ ဒူးသထူခရိုင်မှ အစီရင်ခံစာအများအပြား လက်ခံရရှိခဲ့သည်။

# အခန်း ၄ – စားနပ်ရိက္ခာပြတ်လပ်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စိန်ခေါ်မှုများ

လှုပ်ရှားသွားလာမှုနှင့် စားနပ်ရိက္ခာရယူနိုင်ရန် ကန့်သတ်မှုများ တိုးမြှင့်လာခြင်း၊ ရွာသားများ၏ ဆန်ရယူသည့်နေရာများအားထိန်းချုပ်ခြင်း၊ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ မြေယာသိမ်းယူခြင်းနှင့် အစားအသောက်ဈေးနှုန်းမြှင့်တက်ခြင်းများက စစ်တပ်အုပ်ချုပ်သည့်ကာလအတွင်း အစားအစာမလုံလောက်မှုနှင့် အလွန်တရာဆင်းရဲမွဲတေမှုများကိုကြုံတွေ့ရစေသည်။

- စစ်တပ်သည် ကရင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများအား ထောက်ပံ့ပေးခြင်းကိုဖယ်ရှားရန်နှင့် ရွာသားများအားဖိနှိပ်ရန်အတွက် ရွာသားများ၏ အစားအစာအရင်းအမြစ်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်နေရာများနှင့် လိုအပ်သောအရင်းအမြစ်နေရာများသို့ သွားလာရန် တားမြစ်ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ရွာသားများအနေဖြင့် ကျေးရွာမှထွက်ပြေးတိမ်းရှောင်သည့်နောက်ပိုင်း မြန်မာစစ် သားများမှ အစားအစာအရင်းအမြစ်များကိုဖျက်ဆီးရန်နှင့် အနီးအနားကျေးရွာများတွင် ပုန်းခိုနေထိုင်စဉ် ရှင်သန်ရပ်တည်နိုင်မှုမရှိစေရန် စပါးကျီများအား မီးရှို့ဖျက်ဆီးခြင်းနှင့် မွေးမြူရေးတိရိစ္ဆာန်များအား သတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ရွာသားများအား ၎င်းတို့၏ကျေးရွာသို့ပြန်လည်နေထိုင်ရန်နှင့် ပြန်လည်နေရာချထားမှုကို အတားအဆီးဖြစ်စေပါသည်။




ဤပုံကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်တွင် ရိုက်ယူခဲ့သည်။ ပုံတွင် နော်စ--- သည် နအဖ စစ်သားများမှ မ--- ကျေးရွာတွင် မီးရှို့ဖျက်ဆီးခဲ့သော သူမ၏စပါးကျီအတွင်းတွင် မီးမလောင်ပဲ ကျန်ရှိနေသေးသောစပါးအနည်းငယ်ကို သိမ်းဆည်းနေခြင်းဖြစ်သည်။ ထိုစပါးကျီတွင်ဆန် ၅၀ တင်း ရှိသည်။ *(ဓာတ်ပုံ – KHRG)*

- အစားအစာနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သည့်နေရာများအပါအဝင် အရပ်သားများအသက်ရှင်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းများအား အကာအကွယ်ပေးရန် ပျက်ကွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုဥပဒေအား ချိုးဖောက်ခြင်းဖြစ်သည်။ ထို့အပြင် တိုက်ပွဲကာလအတွင်း အရပ်သားများအား အငတ်ထားခြင်းသည်လည်း စစ်ရာဇဝတ်မှုမြောက်သည်။

- ထွက်ပြေးတိမ်းရှောင်နေရသော ရွာသားများနှင့် အစမ္မနေရပ်ရွှေ့ပြောင်းခံရသည့် ရွာသားများ အနေဖြင့် ရွှေ့ပြောင်းသည့်နေရာသို့ လုံလောက်သည့် အစားအသောက်များကို ၎င်းတို့ကိုယ်တိုင် သယ်ယူနိုင်ခြင်း မရှိပါ။ ၎င်းတို့အနေဖြင့် ဆန်စပါး ရရှိနိုင်မည့် နေရာများနှင့် ၎င်းတို့၏ လယ်ယာမြေများသို့ သွားရန် ကန့်သတ်ခံရခြင်းကြောင့် အစားအသောက်ပုံမှန်ရရှိနိုင်ရန် ရုန်းကန်ခဲ့ရသည်။
- စစ်တပ်၏ ကင်းလှည့်သွားလာလှုပ်ရှားမှုများ၊ တပ်စခန်းသစ်များ ဆောက်လုပ်ခြင်း၊ လုံခြုံရေး စစ်ဆေးရေးဂိတ်များ၊ ရိက္ခာနှင့်လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်ခြင်း၊ လမ်းသစ်များဖောက်ခြင်း အပါအဝင် စစ်ရေးလှုပ်ရှားမှုပိုမိုတိုးမြှင့်လာသဖြင့် ရွာသားများ ထွက်ပြေးတိမ်းရှောင်နေရခြင်းနှင့် ၎င်းတို့၏ စိုက်ခင်းများတွင် သွားရောက်လုပ်ကိုင်ရန် ကြောက်ရွံ့သည့်အတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်အပေါ် သက်ရောက်မှုဖြစ်စေပါသည်။
- ဆန်ခွဲတမ်း၊ စစ်တပ်အတွက် ဆန်စပါးထုတ်လုပ်စေခြင်းနှင့် ဖွံ့ဖြိုးရေးနှင့်စိုက်ပျိုးရေး လုပ်ငန်းများသည် ရွာသားများအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအားလုပ်ကိုင်ရန်အတားအဆီးဖြစ်စေပြီး စားနပ်ရိက္ခာမလုံလောက်မှုနှင့် ဆင်းရဲမွဲတေမှုကို ပိုမိုဆိုးရွားလာစေသည်။

*"မြန်မာစစ်သားတွေ ကျွန်တော်တို့ဒေသမှာ စစ်တပ်စခန်းလာဆောက်လို့ ကျွန်တော်တို့ရွာကနေထွက်ပြေးတော့ အစားအစာမလုံလောက်မှုနဲ့ အခက်အခဲတွေအများကြီး ကြုံတွေ့ရတယ်။ ရွာသားတွေက ထွက်ပြေးရပြီး အလုပ်မလုပ်နိုင်တဲ့အတွက်ကြောင့် ဝင်ငွေမရှိပဲ ငွေရေးကြေးရေးအခက်အခဲတွေကိုလည်း ကြုံတွေ့ရတယ်။*

– မူတြော်ခရိုင်မှ ရွာသားတစ်ဦး

- ၁၉၉၀ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်နှောင်းပိုင်းတွင် ရွာသားများသည် ၎င်းတို့၏ကျေးရွာကို စွန့်ပစ်ခဲ့ကြပြီး ထွက်ပြေးတိမ်းရှောင်နေထိုင်ရန် ရွေးချယ်ခဲ့ကြပါသည်။
- ၂၀၁၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ခရိုင်အများအပြားတွင် လှုပ်ရှားသွားလာမှု ကန့်သတ်ခြင်း၊ အစားအစာရရှိနိုင်မည့်လမ်းကြောင်းများအား ဖြတ်တောက်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် အရပ်သားများအပေါ်တိုက်ခိုက်မှုများပိုမိုများပြားလာခဲ့သည်။ ထိုအခြေအနေက အစားအသောက်မလုံလောက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာစိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေသည်။

# အခန်း ၅ – ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှု

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် စစ်တပ်မှ အမြဲကျူးလွန်သောအရာတစ်ခုဖြစ်ပြီး တပ်သားအဆင့်မှ ဗိုလ်အဆင့်အထိ ကျူးလွန်နေကြပြီး စစ်တပ်၏ထိုးစစ်ဆင်မှုများတွင် အရပ်သားများအပေါ် စစ်လက်နက်သဖွယ် အသုံးပြုကြသည်။

- ၁၉၈၈ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အကြားတွင် ကရင်ပြည်နယ်အတွင်း စစ်တပ်မှကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပေါင်း ၁၂၅ မှုရှိပြီး ထိုအထဲမှ ထက်ဝက်မှာ စစ်တပ်၏အဆင့်မြင့်အရာရှိများမှ ကျူးလွန်ခြင်းဖြစ်သည်ဟု ကရင်အမျိုးသမီးအစည်းအရုံး နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့တို့မှ မှတ်တမ်းပြုစုခဲ့သည်။ သို့သော်လည်း ခြိမ်းခြောက်ခံရခြင်း၊ ပတ်ဝန်းကျင်၏ ထင်မြင်ယူဆချက်များနှင့် တရားမျှတမှုမရရှိနိုင်ခြင်းများကြောင့် လိင်ပိုင်းဆိုင်ရာကျားမအခြေပြုအကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစီရင်ခံမှုမှာ အလွန်ပင်နည်းပါးသည်။

- အဓမ္မလုပ်အားပေးခိုင်းစေမှုအတွင်း အမျိုးသမီးများနှင့်အမျိုးသမီးငယ်များအားအဓမ္မပြုကျင့်ခြင်းသည် ကရင်လူ့အခွင့်အရေးအဖွဲ့သို့ ပေးပို့လာသည့်အဖြစ်များသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံဖြစ်သည်။ အဓမ္မလုပ်အားပေးခိုင်းစေခံရသည့်အချိန်များတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် အဓမ္မဖမ်းဆီးခံရသည့်အပြင် သီးသန့်ထားရှိခြင်း ခံရသည့်အတွက် အလွန်ပင်ထိလွယ်ရှလွယ်သော အခြေအနေသို့ ရောက်ရှိစေပါသည်။
- အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများတွင် ရွာသားအမျိုးသားများအား လိင်အင်္ဂါပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအရှက်ရအောင်ပြုလုပ်ခြင်းနှင့် အဓမ္မအဝတ်အစားချွတ်စေခြင်းများပါဝင်သည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်သည့်အခါအောက်ခြေတပ်သားများအပေါ် ပြစ်ဒဏ်ပေးခြင်းများ ရှိနိုင်သော်လည်း အဓမ္မပြုကျင့်ခြင်းကိုကျူးလွန်သည့် မြန်မာစစ်ဗိုလ်များမှာ တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို မခံရကြပါ။
- အဓမ္မပြုကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများသည် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေနှင့် လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ အချို့သောကိစ္စရပ်များတွင် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ချိုးဖောက်သော ရာဇဝတ်မှုများ ပါဝင်နိုင်သည်။

> *"ကျွန်မကို သေတဲ့အထိမုဒိန်းကျင့်မယ် သူ့လူတွေဆီကို ပေးပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တယ်။ သူ့စားကို ယမ်းပြီးတော့ ကျွန်မကို မုဒိန်းကျင့်မယ်လို့ပြောတယ်။ [...] အဲ့ဒီညမှာ ကျွန်မကို မုဒိန်း သုံးကြိမ် ကျင့်တယ်။ ကျွန်မကို သူမုဒိန်းကျင့်တဲ့အချိန်မှာ တင်းတင်းချည်ထားတော့ ကျွန်မလက်မောင်းတွေ အဆစ်လွဲသွားတယ်။ အခုထိ နာနေတုန်းပဲ။*
>
> – ၁၉၉၂ ခုနှစ်တွင် အနီးအနားစစ်စခန်းမှ တပ်ကြပ်တစ်ဦး၏ အဓမ္မပြုကျင့်ခြင်းခံရသော ရွာသူတစ်ဦး

# အခန်း ၆ – ကလေးအခွင့်အရေး

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကလေးသူငယ်များသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မီးမောင်းထိုးပြထားသည့် အဆိုးရွားဆုံးလူ့အခွင့်အရေးချိုးဖောက်မှုခြောက်ခုဖြစ်သော ကလေးများအား သတ်ဖြတ်ခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းစေခြင်း၊ ကလေးများအား စစ်သားအဖြစ်စုဆောင်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊ ကလေးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်း၊ ကျောင်းများ သို့မဟုတ် ဆေးခန်းများအားတိုက်ခိုက်ခြင်းနှင့် ကလေးများအတွက် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား ငြင်းဆန်ခြင်းအပါအဝင် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ကြရသည်။


- ကလေးများအား စစ်မှုထမ်းစေခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် အဓမ္မစေခိုင်းခြင်းများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက်ရှိသည်။ ၂၀၀၂ ခုနှစ် ခန့်မှန်းချက်တစ်ခုအရ မြန်မာစစ်တပ်သည် မြန်မာနိုင်ငံနှင့် ကမ္ဘာပေါ်တွင် ကလေးစစ်သားစုဆောင်းမှုအများဆုံးပြုလုပ်သောအဖွဲ့ဖြစ်သည်။
- အသက် ၁၀ နှစ် သို့မဟုတ် ၁၁ နှစ်အရွယ် ကလေးများသည် တပ်သားသစ်စုဆောင်းသူများ၏ပစ်မှတ်များဖြစ်လာပြီး စစ်တပ်ထဲသို့ဝင်ရန် လိမ်လည်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းခံခဲ့ရပြီး အများအားဖြင့်ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ကြရသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၀၆ခုနှစ်တွင် အစီရင်ခံတင်ပြခဲ့သည်။
- ကလေးအလုပ်သမားများအား စစ်တပ်၏ဆောက်လုပ်ရေးစီမံကိန်းများ၊ သန့်ရှင်းရေးအလုပ်များ၊ အဓမ္မပေါ်တာထမ်းခြင်း၊ စစ်ကြောင်းအားလမ်းပြခြင်းနှင့် သတင်းပေးပို့သူများအဖြစ် အသုံးပြုခြင်းဖြစ်ပြီး ၎င်း

တို့သည် ကလေးများအား အဓမ္မစစ်မှုထမ်းစေခြင်းဟု ယူဆနိုင်သည်။

- ယခင် စစ်တပ်အုပ်ချုပ်မှုနှင့် လက်ရှိစစ်အာဏာရှင်လက်ထက်တွင် ကူညီထောက်ပံ့မှု၊ အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအား စစ်တပ်မှကန့်သတ်သည့်အခါတွင် အထူးသဖြင့်ကလေးများသည် ဆိုးကျိုးသက်ရောက်မှုခံစားကြရပြီး ဆေးဝါးနှင့်ကုသမှုခံယူခွင့်မရှိသည့်အတွက် အသက်သေဆုံးခဲ့ ရသည်။ ထွက်ပြေးတိမ်းရှောင်နေကြရသည့်ကလေးများကြားတွင် အဟာရချို့တဲ့မှုမြင့်တက်လာလျက်ရှိကြောင်း တင်ပြခဲ့ကြသည်။
- ကရင်ပြည်နယ်တွင်ရှိသောကလေးများသည်ပညာသင်ကြားခွင့် မရစေရန် စနစ်တကျတားမြစ်ခံခဲ့ရသည်။ ဖမ်းဆီးခြင်းနှင့် အဓမ္မစေခိုင်းခြင်းများအပါအဝင် စစ်တပ်၏တရားမဝင်တိုက်ခိုက်မှုများသည် ရွာသားများအား နေရပ်ရွှေ့ပြောင်းနေထိုင်မှုဖြစ်ပေါ်စေပြီး ကလေးများ၏ပညာသင်ကြားခွင့်ကို အနှောင့်အယှက်ဖြစ်စေသည်။

“

**ကလေးများသည် လက်နက်ကိုင်တိုက်ပွဲများကြောင့် သေဆုံးမှုထက် စစ်တပ်၏ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် များစွာသေဆုံးရသည့်အပြင် စနစ်တကျအကြမ်းဖက်မှုများအား ခံစားရလျက်ရှိကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် အကြိမ်ကြိမ်အလေးပေးဖော်ပြခဲ့သည်။**




၂၀၀၄ ခုနှစ်၊ မေလတွင် အသက် ၇ နှစ်မှ ၁၃ နှစ်အရွယ် ကလေးများသည် ကျိုက်ကော်(သိမ်ဆိပ်) မှ ဝင်းရောကျေးရွာသို့ လမ်းဖောက်ရန်အတွက် ကျောက်တုံးအပုံ ၃၀၀ ကို စုဆောင်းကြရသည်။ *(ဓာတ်ပုံ – KHRG)*

- ကျောင်းများအား တိုက်ခိုက်ခြင်းသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်အချိန်မှစ၍ ပြန်လည်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သားများမှ ကျောင်းသားများအား တိုင်းရင်းသားအဖွဲ့အစည်းများဖွင့်လှစ်သည့် ကျောင်းများကို တက်ရောက်ခြင်းမရှိစေရန် အင်အားသုံးခြိမ်းခြောက်၍ ဟန့်တားခဲ့သည်။
- ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ စစ်ကောင်စီတပ်သားများမှ ကလေး ၆ ဦးအား ပစ်သတ်ခဲ့ကြောင်းနှင့် အခြားကလေး ၁၂ ဦးမှာ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများတွင် သေဆုံးခဲ့ရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်းအချက်အလက်ရရှိခဲ့သည်။ ကလေးများအား အဓမ္မလုပ်အားပေးခိုင်းစေမှုများတွင်လည်း အသုံးပြုခဲ့သည်။

## အခန်း ၇ – မြေမြှုပ်မိုင်းများ

မြန်မာစစ်တပ်သည် ၁၉၆၉ ခုနှစ်မှ စစ်ပွဲများအတွင်း မြေမြှုပ်မိုင်းအား စတင်အသုံးပြုခဲ့သည်။ မြန်မာစစ်တပ်သည် ကမ္ဘာတစ်ဝှမ်း မြေမြှုပ်မိုင်း ထုတ်လုပ်သည့် အဖွဲ့ ၁၂ ဖွဲ့မှ တစ်ဖွဲ့ဖြစ်ပြီး နိုင်ငံ၏လုံခြုံရေးတပ်ဖွဲ့များမှ မြေမြှုပ်မိုင်းအား ဆက်လက်အသုံးပြုလျက်ရှိသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်။

- မြန်မာစစ်တပ်သည် မြေမြှုပ်မိုင်းများ မြှုပ်နှံရာတွင် အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခဲ့သည်။ ဤနည်းသည် ရွာသားများအား ၎င်းတို့ကျေးရွာများမှ အဓမ္မနှင်ထုတ်ပြီးနောက် ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်ခြင်းမှဟန့်တားရန်ရည်ရွယ်၍ နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုအနေနှင့် မြေမြှုပ်မိုင်းများအား အသုံးပြုခြင်းဖြစ်ပြီး မြေမြှုပ်မိုင်း ထောင်ထားသည့်နေရာများနှင့် ပတ်သက်သည့်အချက်အလက်များကို လျှို့ဝှက်ထားသည်။

- အရပ်သားများအပေါ် မြေမြှုပ်မိုင်းအသုံးပြုခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေအား ချိုးဖောက်ခြင်းဖြစ်သည်။
- မြေမြှုပ်မိုင်းများအား အထူးသဖြင့် ရွာသားများ အစားအစာရရှိနိုင်သည့် စိုက်ခင်းများ၊ မြစ်ကမ်းတစ်လျှောက်နှင့် သစ်တောများတွင် မြှုပ်နှံထားသဖြင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်အန္တရာယ်ကျရောက်စေပြီး အစားအစာမလုံလောက်မှုကို ဖြစ်ပေါ်စေသည်။ ရွာသားများသည် မြေမြှုပ်မိုင်းများကို ကိုယ်တိုင်ဖယ်ရှားခြင်း၊ သို့မဟုတ် မြေမြှုပ်မိုင်းရှိသောနေရာများသို့ဝင်ရောက်ရန် တွန်းအားပေးလျက်ရှိသည်။
- မြန်မာစစ်တပ်၊ အခြားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြင်ပအဖွဲ့အစည်းများမှ မြေမြှုပ်မိုင်းရှင်းလင်းရေး လုပ်ဆောင်ရန် လုံလောက်သောကြိုးစားအားထုတ်မှု မရှိခဲ့ပါ။
- ထိုအစား ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည့်အချိန်မှစ၍ လက်နက်ကိုင်အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းအသစ်ထောင်ခြင်းများကို ပြန်လည်ပြုလုပ်လာခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ မြေမြှုပ်မိုင်းကြောင့် အနည်းဆုံး အရပ်သား ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၄ ဦး သေဆုံးခဲ့ရပြီး မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများနှင့်ပတ်သက်သည့် ဖြစ်ရပ် ၃၃ ခုကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းရရှိခဲ့သည်။
- လက်နက်ကိုင်တပ်ဖွဲ့အားလုံးသည် မြေမြှုပ်မိုင်းများကို ရည်ရွယ်ချက်ရှိရှိ မြှုပ်နှံကြသော်လည်း မြန်မာစစ်တပ်နှင့် ၎င်း၏ ပူးပေါင်းတပ်ဖွဲ့များကသာလျှင် ၎င်းတို့၏ စစ်သားများအား မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရခြင်းမှ ကာကွယ်ရန်နှင့် တပ်စခန်းအနီးရှိ မြေမြှုပ်မိုင်းများအား ရှင်းလင်းရန်အတွက် ရွာသားများအား မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုခဲ့သည်။
- လွန်ခဲ့သောနှစ်များက အရပ်သားများအား မြေမြှုပ်မိုင်းအန္တရာယ်အသိပညာပေးခြင်းများကို တိုးမြှင့်လုပ်ဆောင်ခဲ့သော်လည်း ၎င်း၏ထိရောက်မှုမှာ အကန့်အသတ်ရှိပြီး မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများအား အမှတ်အသားပြုခြင်းမရှိပါက ထိုထိရောက်မှုမှာ ဆက်လက်၍ အကန့်အသတ်ရှိနေမည်ဖြစ်သည်။



မူတြော်ခရိုင်၊ စောမူပလောကျေးရွာအုပ်စုမှ အသက် ၁၆ နှစ်အရွယ် နော် ဒ--- သည် ၂၀၀၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် သူမ၏ မိသားစုဝင်များဖွက်ထားသည့်ဆန်များအားရယူရန် သူမ၏ကျေးရွာသို့ သွားရောက်စဉ် နအဖ စစ်တပ်၏ မြေမြှုပ်မိုင်းနင်းမိခဲ့သောကြောင့် ဒဏ်ရာရရှိခဲ့သည်။ ဆေးမှူးများမှ ညာခြေထောက်အောက်ပိုင်းကို ဖြတ်တောက်ပေးထားရာမှ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*

# အခန်း ၈ – ကျေးလက်စွမ်းရည်

- ရွာသားများသည် စစ်တပ်မှ အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေသမျှ ကာလပတ်လုံး ကျေးလက်စွမ်းရည်များကို အသုံးချလျက်ရှိသည်။ ထိုကျေးလက်စွမ်းရည်နည်းဗျူဟာများသည် လူ့အခွင့်အရေးချိုးဖောက်မှုများအားရင်ဆိုင်နိုင်ရန်၊ အကာအကွယ်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လုပ်ကိုင်နိုင်ရန် ပံ့ပိုးပေးသည်။
- အဓိကအသုံးပြုသော ခုခံမှုနည်းလမ်းများမှာ ညှိနှိုင်းခြင်း၊ လာဘ်ပေးခြင်း၊ အရှက်ခွဲခြင်း၊ ရင်ဆိုင်ခြင်း၊ ငြင်းပယ်ခြင်း၊ လိမ်လည်ခြင်း၊ လိုက်လျောဟန်ဆောင်ခြင်းနှင့် ရှောင်ရှားခြင်း တို့ဖြစ်သည်။

- ရွာသားများသည် စစ်တပ်၏ပြန်လည်တုံ့ပြန်မှုကို ကြောက်ရွံ့သဖြင့် ထင်ရှားသည့်ခုခံကာကွယ်ခြင်း နည်းလမ်းများထက် ရှောင်ရှားခြင်းနှင့် ကာကွယ်ခြင်း နည်းများကို ပိုမိုအသုံးပြုကြသည်။ ၁၉၉၀ ခုနှစ်များ နှင့် ၂၀၀၀ ခုနှစ်များတွင် စစ်တပ်မှ ရွာသားများအပေါ် ပြန်လည်တုံ့ပြန်မှုအခြေအနေသည် အန္တရာယ်အများဆုံးဖြစ်သည်။
- ရှောင်ရှားခြင်းနည်းဗျူဟာတစ်ခုဖြစ်သည့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းသည် အကျိုးရှိပါသည်။ ထိုနည်းဗျူဟာသည် စစ်တပ်၏ တိုက်ရိုက်အကြမ်းဖက်မှုအချို့မှ ကာကွယ်ပေးထားသော်လည်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် လယ်ယာစိုက်ပျိုးခြင်းတို့အား ပြုလုပ်နိုင်ရန်အတားအဆီးဖြစ်စေနိုင်ပါသည်။
- ရွာသူကြီးများ၏ လုပ်ဆောင်ချက်များဖြစ်သည့် တောင်းဆိုမှုများအားလျှော့ချရန် ညှိနှိုင်းခြင်း၊ အကြမ်းဖက်မှုများအားလျှော့ချစေခြင်းများသည် ကျေးရွာအဆင့်တွင် မြန်မာစစ်တပ်ကျူးလွန်သည့်ချိုးဖောက်မှုများအား ကြီးမားစွာခုခံနိုင်ခြင်းပင်ဖြစ်သည်။



မူတြော်ခရိုင်မှ အမျိုးသမီးသည် နအဖစစ်သားများ သူမ၏ ရွာထဲသို့ နောက်တစ်ကြိမ် ဝင်လာလျှင် အသုံးပြုရန် သူမ၏ဆန်အား သံပုံးအတွင်းသို့ ထည့်ပြီး ဖွက်ထားသည်။ နအဖ တပ်သားများသည် ယခင်ကရွာအတွင်းသို့ တစ်ရက် နှစ်ရက်ခန့် ဝင်ရောက်ပြီး ရွာသားများ၏ ဆန်များ၊ အဝတ်အစားများနှင့် အခြားပိုင်ဆိုင်မှုများကို ယူဆောင်သွားကြသည်။ *(ဓာတ်ပုံ – KHRG)*

## အခန်း ၉ – ရွာသားများ၏အမြင်သဘောထားများ

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသား ၁၇ ဦးမှ စစ်တပ်၏ ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများအား ၎င်းတို့ကိုယ်တိုင် ရပ်တန့်နိုင်ရန် ကြိုးပမ်းသည့်အချိန်နှင့် စစ်တပ်၏အုပ်ချုပ်မှုအောက်တွင် တရားမျှတမှုမရရှိနိုင်ခြင်းနှင့်ပတ်သက်၍ အားရကျေနပ်မှုမရှိကြောင်း ဖော်ပြခဲ့သည်။ ရွာသားအများစုက နိုင်ငံတကာအသိုင်းအဝိုင်းမှ စစ်ကောင်စီအား ပိတ်ဆို့အရေးယူမှုများသော်လည်းကောင်း၊ ဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်မှုများသော်လည်းကောင်း ပြုလုပ်ရန်လိုအပ်ကြောင်းကို မီးမောင်းထိုးဖော်ပြခဲ့သည်။

- ရွာသားများသည် စစ်တပ်၏ တာဝန်ယူမှု တာဝန်ခံမှုမရှိခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းနှင့်ပတ်သက်ပြီး အလွန်စိုးရိမ်နေကြသည်။ ရွာသားများ၏သက်သေခံချက်များအရ စစ်တပ်အနေဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆက်လက်ရရှိနေပြီး တာဝန်ယူမှုတာဝန်ခံမှုအား ရှောင်လွှဲနေပါက ဖိနှိပ်မှုများနှင့် အကြမ်းဖက်မှုများမှာ ဆက်လက်ဖြစ်ပွားနေမည်မှာ ရှင်းလင်းလျက်ရှိသည်။

> “
> *ကျွန်တော့်အနေနဲ့ သူတို့ရဲ့ လုပ်ရပ်အမှားတွေကို ကမ္ဘာကြီးကို သိစေချင်တယ်။ ပြီးတော့ သူတို့လုပ်ရပ်တွေအတွက် အပြစ်ပေးစေချင်တယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာခုံရုံးတွေက သူတို့ကို အရေးယူစေချင်တယ်။ သူတို့ကျူးလွန်ထားတဲ့ ချိုးဖောက်မှုတွေအတိုင်း အပြစ်ဒဏ်ပေးစေချင်တယ်။*
>
> – ဒူးသထူခရိုင်မှ ရွာသားတစ်ဦး

- ရွာသားများမှ နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးယူဆောင်ရွက်မှုမရှိခြင်းနှင့် ပျက်ကွက်ခြင်းများအား ထောက်ပြခဲ့ပြီး ရွာသူတစ်ဦးက ဤသည်မှာ သူမအား စစ်တပ်၏အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့် ပတ်သက်၍ နောက်ဆုံးအကြိမ်မေးမြန်းခြင်း ဖြစ်စေလိုသည်ဟု ပြောခဲ့သည်။
- ရွာသားများအနေဖြင့် ကရင်လူမျိုးများအကြား သွေးစည်းညီညွတ်ရေးကို တောင်းဆိုခဲ့ပြီး ၎င်းတို့ကြားရှိ စည်းလုံးမှုမရှိခြင်းသည်လည်း ငြိမ်းချမ်းရေးအား အဟန့်အတားဖြစ်စေကြောင်းကို ထောက်ပြခဲ့သည်။
- ရွာသားများမှ အပြုသဘောဆောင်သောအပြောင်းအလဲများကို မျှော်လင့်သကဲ့သို့ ၎င်းတို့၏ နိုင်ငံအတွင်းရှိ ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်ဖိနှိပ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာဝတ္တရားများလျစ်လျူရှုခြင်းခံနေရမှုအပေါ် အရေးပေါ်ဆောင်ရွက်မှုများနှင့် ပြင်ပကူညီထောက်ပံ့မှုများလိုအပ်ကြောင်း မီးမောင်းထိုးဖော်ပြခဲ့သည်။

> *“ကျွန်တော်တို့အနေနဲ့ မြေပြင်ပေါ်က ကိုယ့်ရဲ့အတွေ့အကြုံနဲ့ စိန်ခေါ်မှုတွေကို ပြောပြသလိုပဲ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ တစ်ခုခုလုပ်လိမ့်မယ်လို့ မျှော်လင့်တယ်။ တကယ်လို့ ကျွန်တော်သာ အင်္ဂလိပ်လို ပြောတတ်ရင် နိုင်ငံတကာအသိုင်းအဝိုင်းကို ကိုယ်တိုင်ပဲသွားပြောမယ်။*
>
> – ဒူးပလာယာခရိုင်မှ ရွာသားတစ်ဦး

## နိဂုံး

- ကရင်လူ့အခွင့်အရေးအဖွဲ့သည် နှစ်ပေါင်း ၃၀ တိုင်အောင် ကရင်ပြည်နယ်တွင် ဖြစ်ပွားနေသောလူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသောအခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ကျေးလက်နေပြည်သူများ၏အသံကို နိုင်ငံတကာအား အဆက်မပြတ်တင်ပြလျက်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ အစီရင်ခံစာများအရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့များနှင့် အခြားသောနိုင်ငံတကာသက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးအခြေအနေဆိုးရွားလာမှုအား သိရှိရုံသာမက စစ်အစိုးရမှကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ ခိုင်မာပြတ်သားစွာအရေးယူနိုင်ရန် သတင်းအချက်အလက်များကိုလည်း လုံလုံလောက်လောက် ရရှိထားပြီးဖြစ်သည်ကို ရှင်းလင်းစွာဖော်ပြနေသည်။
- ကုလသမဂ္ဂအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍သက်သေခိုင်မာစွာရရှိထားသော်လည်း ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေအား တုံ့ပြန်ရန် ပျက်ကွက်လျက်ရှိနေသည်။ ကုလသမဂ္ဂအတွင်း စနစ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာပြဿနာများအားဖြေရှင်းရန် စုပေါင်းဆောင်ရွက်ခြင်းမရှိပါက ထိရောက်သောအရေးယူမှုပြုလုပ်ရန် ကုလသမဂ္ဂအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဖွဲ့အစည်းအတွင်းမှပေးသောဖိအားများမှာ ထိရောက်မှုရှိမည်မဟုတ်ပေ။

> **“အကယ်၍ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် ၎င်း၏အရေးယူမှုစနစ်ဆိုင်ရာပြဿနာအား မဖြေရှင်းနိုင်ပါက အခြားသောနည်းလမ်းတစ်ခုဖြင့် အားလုံးပါဝင်၍ ပူးပေါင်းလုပ်ဆောင်နိုင်မည့်လုပ်ရပ်ကို ရှာဖွေဖော်ထုတ်ရမည်။**

- ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့်စုံစမ်းစစ်ဆေးမှုက တာဝန်ယူမှုတာဝန်ခံမှုသို့ ရရှိနိုင်သည့်

အပေါင်းလက္ခဏာဆောင်သောခြေလှမ်းကို ဖော်ပြနေသည့်အချိန်တွင် လက်ရှိလုပ်ဆောင်နေသည့်အရာများထက်ပိုမို၍ အားလုံးပါဝင်နိုင်သော တာဝန်ယူမှု တာဝန်ခံမှုရရှိနိုင်မည့် တရားစွဲဆိုမှုများအား ဆောင်ရွက်ရန်လိုအပ်နေပါသည်။ ကရင်ပြည်နယ်နှင့် အခြားတိုင်းရင်းသားဒေသများတွင် ကျူးလွန်လျက်ရှိသောရာဇဝတ်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုရရှိရန် တရားစွဲဆိုခြင်းများ မရှိသည့်အချိန်တွင် ထိုသူများအတွက်တရားမျှတမှု မည်သို့ ရရှိနိုင်မည်နည်း။ ကရင်လူမျိုးများ၊ အခြားတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံအတွင်းရှိ အခြားသောဖိနှိပ်ခံရသူများအနေဖြင့် ၎င်းတို့အပေါ်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အသိအမှတ်ပြုခြင်းနှင့် တရားမျှတမှုရယူပိုင်ခွင့်ရှိသည်။

- စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း ယန္တယားများသည် အခွင့်အရေးချိုးဖောက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၏ အကျိုးသက်ရောက်မှုများအား လျှော့ချပေးနိုင်ရန် အသုံးပြုသည့်ကျေးလက်စွမ်းရည်နည်းဗျူဟာများအား ချန်လှပ်ထားလေ့ရှိပြီး ၎င်းက အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အပြည့်အဝ စီရင်မှုမရှိခြင်းများအား ဖြစ်ပေါ်စေနိုင်သည်။ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်ရန်အတွက်ထွက်ပြေးတိမ်းရှောင်ရာတွင် ရွာသားများအနေဖြင့် အခြားအခွင့်အရေးများနှင့် အကာအကွယ်ပေးမှုအဖွဲ့အစည်းများ၏ လက်လှမ်းမမှီနိုင်ရာသို့ ရောက်ရှိစေနိုင်သည်။
- ရွာသားများ၏ ကျေးလက်စွမ်းရည်များအပါအဝင် စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးမှုများအား လျစ်လျူရှုခြင်းသည် အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများအား ရွာသားများကိုယ်တိုင် တုံ့ပြန်နိုင်စွမ်းနှင့် ၎င်းတို့၏ အခွင့်အရေးနှင့် လွတ်လပ်မှုအား ကာကွယ်နိုင်စွမ်းကို ထိခိုက်ပျက်စီးစေနိုင်သည့် သင့်လျော်မှုနှင့် ထိရောက်မှုမရှိသော ဖြေရှင်းနည်းများကို ချမှတ်အကောင်အထည်ဖော်မှုများဖြစ်စေနိုင်ပါသည်။
- ဤအခြေအနေတွင် ငွေကြေးထောက်ပံ့မှုနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များကို “ဘက်မလိုက်သည့် လူသားချင်းစာနာထောက်ထားမှု” ကိုအခြေခံခြင်းအစား လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားနှင့် စစ်အစိုးရ၏ ရာဇဝတ်မှုကျူးလွန်ခြင်းများအတွက်ထည့်သွင်းစဉ်းစားပြီး ပြောင်းလဲပံ့ပိုးရန်လိုသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများအား ရရှိနိုင်ခွင့်ကို ပိတ်ပင်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုမြောက်သဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို စစ်အာဏာရှင်မှတဆင့် လှူဒါန်းသူများသည် စစ်တပ်၏ရာဇဝတ်မှုကျူးလွန်ခြင်းများတွင် ပါဝင်ပတ်သက်နေကြောင်း ဖော်ပြလျက်ရှိသည်။

# အကြံပြုချက်များ

## ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တာဝန်ယူမှုတာဝန်ခံမှု၊ တိုက်ခိုက်မှုများအား အဆုံးသတ်ခြင်း

### နိုင်ငံတကာ တာဝန်ရှိသူများအားလုံးသို့–

- မြန်မာစစ်တပ်သည် လက်ရှိဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းတို့၏အဓိကတရားခံဖြစ်သည်ကို လက်ခံအသိအမှတ်ပြုပြီး ၎င်းတို့နှင့်သဘောတူညီမှုများ လက်မှတ်ရေးထိုးခြင်းနှင့် ၎င်းတို့အားအထောက်အပံ့ပေးခြင်းအပါအဝင် စစ်ကောင်စီကို တရားဝင်မှုပေးခြင်းမှ ရပ်တန့်ရမည်။
- စစ်တပ်၏အာဏာအား ပိုမိုအားကောင်းလာစေရန်၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိရန်၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ချိုးဖောက်သည့်ရာဇဝတ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအား လုပ်ဆောင်နိုင်စွမ်း ဆက်လက်ရရှိနေခြင်းများတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကာလကြာရှည်ပျက်ကွက်မှုကို အသိအမှတ်ပြုရန်နှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာတရားမျှတမှု ယန္တယားများတွင် ဖော်ပြပါ စနစ်တကျ ပျက်ကွက်မှုများ ပြန်လည်ဖြစ်ပွားခြင်း မရှိစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် လက်ရှိဆောင်ရွက်နေသည့် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်စဉ်များတွင် ကြားဝင်၍ စုံစမ်းစစ်ဆေးရေးများနှင့် တရားရေးဆိုင်ရာလုပ်ဆောင်မှုများအား ပံ့ပိုးမှုပေးရန်၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းမှုအားတွန်းအားပေးရန်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြေညာချက်ဖြစ်သော မြန်မာနိုင်ငံအတွင်း ၂၀၀၂ ခုနှစ်မှ စတင်၍ ဖြစ်ပွားခဲ့သော ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန်အတွက် ခုံရုံးအားလွှဲအပ်ကြောင်း ကြေညာချက်ကို လက်ခံရန်။
- မြန်မာစစ်တပ်အား ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ တာဝန်ယူမှုတာဝန်ခံမှုရှိစေရန်အတွက် အခြားသောအခွင့်အလမ်းများ (အထူးခုံရုံးများနှင့် ပေါင်းစပ်ခုံရုံးများ၊ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်နှင့် အခြားယန္တယားများ) မှတဆင့် ရှာဖွေဖော်ထုတ်ရန်။
- လက်ရှိလူ့အခွင့်အရေးစုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများတွင် အခြားတိုင်းရင်းသားများနှင့်ဘာသာရေးလူနည်းစုများအပေါ်ကျူးလွန်သည့်ပြစ်မှုများမပါဝင်သေးသည့်အတွက်ကြောင့် အားလုံးပါဝင်နိုင်အောင် စုံစမ်းစစ်ဆေးရေးတာဝန်ခံမှုအခန်းကဏ္ဍကို ပို၍ချဲ့ထွင်ရန်။
- ဒေသတွင်း ဦးစားပေးမှုများနှင့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားပြီး ရွာသားများ၏အခွင့်အရေးအတွက် တောင်းဆိုမှုများကို ကန့်သတ်ခြင်းမရှိပဲ အခွင့်အရေးချိုးဖောက်မှုဖြစ်ပေါ်စေသော အခြေခံအကြောင်းတရားကို ရှာဖွေဖော်ထုတ်ပေးသည့် အပြည်ပြည်ဆိုင်ရာတာဝန်ယူတာဝန်ခံမှုလမ်းကြောင်းများအား ပံ့ပိုးကူညီရန်။
- မြန်မာနိုင်ငံအတွင်းရှိ ဖိနှိပ်ခံလူတန်းစားများ၏ အသံများနှင့် အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန်အတွက် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် မြေပြင်တွင်လှုပ်ရှားနေသူများအား ငွေကြေးပံ့ပိုးမှုပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်။ လူ့အခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်းဆိုင်ရာ စံနှုန်းများနှင့် စနစ်များသည် ထိရောက်မှုရှိပြီး သက်ဆိုင်ရာပြည်သူများနှင့် သဟဇာတရှိစေရန်။
- အတည်ပြုထားသည့် စာချုပ်များနှင့် ပဋိညာဉ်များအပါအဝင် နိုင်ငံတကာဥပဒေပါ တာဝန်ဝတ္တရားများအားလေးစားလိုက်နာစေရန် စစ်အုပ်စုအား ဖိအားပေးရန်။

### အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့–

- လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခြင်းမရှိပဲ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေးအား မြှင့်တင်ထိန်းသိမ်းနိုင်မည်မဟုတ်သဖြင့် အာဆီယံ ပဋိညာဉ်စာတမ်းတွင် လူ့အခွင့်အရေးမူများ၊ တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများအား ဦးစားပေးသည့် မူဝါဒပြောင်းလဲပြင်ဆင်ရေးများ

ပြုလုပ်ရန်။ အထူးသဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းများတွင် ကြားဝင်စွက်ဖက်ခြင်းမပြုရမှုအား ပြုပြင်ပြောင်းလဲရန်။

- အင်ဒိုနီးရှားနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကိစ္စနှင့်ပတ်သက်၍ စတင်ဆောင်ရွက်ရန် ကြိုးပမ်းမှုအား ပံ့ပိုးကူညီရန်။ အခြားအဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်း ၎င်းတို့၏ပြည်တွင်းဥပဒေများအား နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲခြင်းအပါအဝင် အလားတူဆောင်ရွက်ချက်များကို စတင်လုပ်ဆောင်ရန်။
- စစ်အုပ်စုအား အာဆီယံ လေတပ်ဦးစီးချုပ်များညီလာခံ၏ ဥက္ကဋ္ဌနေရာနှင့် အကြမ်းဖက်မှုတွန်းလှန်ရေး အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌနေရာပေးခြင်းအား ရုတ်သိမ်းရန်။ အာဆီယံအဆင့် ကာကွယ်ရေးအဖွဲ့အစည်းများတွင် ဤသို့နေရာပေးခြင်းသည် စစ်အုပ်စုမှ ပြည်သူများအပေါ် တရားလက်မဲ့တိုက်ခိုက်ခြင်းများနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအား ချိုးဖောက်နေခြင်းကို ပံ့ပိုးအားပေးကူညီနေခြင်းဖြစ်သည်။

# အကာအကွယ်ပေးမှု

## နိုင်ငံတကာတာဝန်ရှိသူများအားလုံးသို့–

- စုံစမ်းစစ်ဆေးရေးနှင့် တရားရေးဆိုင်ရာလုပ်ဆောင်မှုများတွင် အချိန်ကာလကြာမြင့်မှု၊ ဆက်လက်ဖြစ်ပွားနေသော ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အသိအမှတ်ပြုရန်။ ညှဉ်းပမ်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများပေါက်ကွဲမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုနှင့် ရက်စက်ယုတ်မာမှုများအား ရင်ဆိုင်ကြုံတွေ့နေရသည့်တိုင်းရင်းသားများအတွက် လုံလောက်သောလူသားချင်းစာနာမှုအကူအညီများနှင့် အကာအကွယ်ပေးမှုများကို စီမံဆောင်ရွက်ရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းများအတွက် အခရာဖြစ်ကြောင်းကို သိမှတ်ပြီး လူသားချင်းစာနာမှုအကူအညီများတွင် လူ့အခွင့်အရေးအား ဦးစားပေးရန်။ ထို့အပြင် စစ်အုပ်စုသည် ညွှန်ကြားချက်များ၊ ဥပဒေပြင်ဆင်ခြင်းများနှင့် တိုက်ရိုက်တိုက်ခိုက်မှုများအားဖြင့် တိုင်းရင်းသားနယ်မြေအတွင်းသို့ လူသားချင်းစာနာမှု အကူအညီများ မရောက်ရှိစေရန် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့သော လုပ်ဆောင်မှုများသည် နိုင်ငံတကာဥပဒေများအောက်ရှိ ရာဇဝတ်မှုများထဲတွင် အကြုံးဝင်သဖြင့် ဖြေရှင်းဆောင်ရွက်ရမည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အကြပ်အတည်းများအတွက် ဖြေရှင်းဆောင်ရွက်ရန်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဒေသတွင်းရှိလှုပ်ရှားသူများ၊ ဒေသခံလူမှုအသိုင်းအဝိုင်းများအား ထည့်သွင်းပြီး တိုင်ပင်ဆွေးနွေးရန်။ ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများအပေါ် မှီခိုသည့်ဝန်ဆောင်မှုပေးခြင်းနည်းလမ်းများနှင့် ဆက်သွယ်ချိတ်ဆက်မှုများအား ပိုမိုအားကောင်းစေရန်အတွက် ဦးစားပေးဆောင်ရွက်ရန်။ ဤဒေသတွင်း အဖွဲ့အစည်းများသည် မြေပြင်တွင် ဆယ်စုနှစ်ပေါင်းများစွာ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ပံ့ပိုးကူညီမှုဆိုင်ရာအစီအစဉ်များအား အကောင်းဆုံးအကောင်အထည်ဖော်နိုင်ရန် ဗဟုသုတနှင့် ကွန်ယက်ချိတ်ဆက်မှုများရှိသည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့–

- လက်ရှိ ဘုံသဘောတူညီချက်ငါးရပ်အား ဖျက်သိမ်းပြီး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တင်ပြထားသည့် ဝေဖန်သုံးသပ်ချက်များအား ဖြေရှင်းရန်အတွက် အစီအစဉ်သစ်တစ်ရပ် ချမှတ်ရန်။ ထိုအထဲတွင် စစ်အုပ်စုနှင့် လက်တွေ့မကျသော ဆွေးနွေးမှုများပြုလုပ်ရန် ဦးတည်ချက်များနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရန်တာဝန်ကို လုပ်ဆောင်မှုအားနည်းသည့် အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Centre) အား တာဝန်ပေးခြင်းများအား ဖျက်သိမ်းရန်။

### အိမ်နီးချင်းနိုင်ငံများထံသို့-

- နယ်စပ်အခြေစိုက် အဖွဲ့အစည်းများနှင့် အခြားဒေသတွင်းအဖွဲ့အစည်းများမှလုပ်ဆောင်သည့် အရေးပေါ်အကာအကွယ်ပေးရေး ဆောင်ရွက်ချက်များအပါအဝင် ထိုလိုအပ်ချက်များအား ပံ့ပိုးဆောင်ရွက်ရန်။
- နေရပ်ပြန်မပို့ဆောင်ရေးနှင့်အခြားသောအကာအကွယ်ပေးရေးအစီအစဉ်များအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝတ္တရားများအား လေးစားလိုက်နာရန်နှင့် အခြားနိုင်ငံတကာသဘောတူညီချက်များနှင့် စာချုပ်များပါ စံနှုန်းများအား လေးစားလိုက်နာကြောင်း ပြသရန်အတွက် ထိုစာချုပ်များအား လက်ခံအတည်ပြုရန်။

### နိုင်ငံတစ်နိုင်ငံချင်းနှင့် ကုမ္ပဏီများသို့-

- လေကြောင်းလောင်စာဆီတင်ပို့မှုကို ဆိုင်းငံ့ထားပြီး တင်ပို့မှုလမ်းစဉ်များတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ကူညီပေးခြင်းမရှိအောင် လက်တွေ့အကောင်အထည် ဖော်ဆောင်ပါ။
- လက်နက်ခဲယမ်းများ၊ ထောက်လှမ်းရေးနည်းပညာများနှင့် အခြားစစ်ဘက်ဆိုင်ရာလုံခြုံရေးကိရိယာများ၊ စစ်လေ့ကျင့်သင်ကြားရေးနှင့် အခြားသောစစ်ရေးနှင့် လုံခြုံရေးအကူအညီများအပါအဝင် မြန်မာနိုင်ငံသို့ လက်နက်လွှဲပြောင်းမှုအားလုံးကိုရပ်ဆိုင်းရန်။

## ပိတ်ဆို့အရေးယူမှုများ

### နိုင်ငံတကာတာဝန်ရှိသူများအားလုံးသို့-

- ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာနိုင်ငံသို့လက်နက်တင်သွင်းရောင်းချမှုများကို ပိတ်ဆို့အရေးယူရန်ဆုံးဖြတ်ချက်အား အတည်ပြုရန်အတွက် တောင်းဆိုချက်ကို ပံ့ပိုးပေးရန်။ ထို့အတူ စစ်အုပ်စုအားလေကြောင်းအတွက် လိုအပ်သည့် စက်သုံးဆီများ ပံ့ပိုးနေမှုကို ပိတ်ဆို့ရန်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အခြားသောနိုင်ငံတကာ ဥပဒေများအားဆိုးရွားစွာချိုးဖောက်သည်ဟု သံသယရှိသည့်အရာရှိများအား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန်။

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေး မြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်သောအဖွဲ့အစည်းဖြစ်ပြီးမည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။